The Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွား သတင်း
e-Paper-0027
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်



# စိုက်ပျိုးရေးသုတေသနဦးစီးဌာနတည်ထောင်ခြင်း ၂၁ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပ

နေပြည်တော်၊ ဇန်နဝါရီ ၂၇

စိုက်ပျိုးရေးသုတေသနဦးစီးဌာနတည်ထောင်ခြင်း (၂၁)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကို ဇန်နဝါရီ ၂၇ ရက်နေ့ နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိ အဆိုပါဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနား သို့ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်နှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အငြိမ်းစား သုတေသန ပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သုတေသီများ နှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ်များရှိ ဒေသ သုတေသနခြံများမှ သုတေသီများနှင့် ပညာရှင်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး က အမှာစကားပြောကြားရာ၌ စိုက်ပျိုးရေး သုတေသနဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ဒေသ၊ ရာသီဥတု အနေအထားအလိုက် သင့်တော်ကောင်းမွန်သည့် သီးနှံမျိုးများ မွေးမြူ ထုတ်လုပ်ခြင်းတွင် စုစုပေါင်း သီးနှံမျိုးပေါင်း သုံးရာကျော် မွေးမြူ ထုတ်လုပ်နိုင်ခဲ့ပြီး၊ သီးနှံစိုက်ပျိုးနည်းစနစ်နှင့် မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး သုံးစွဲခြင်းဆိုင်ရာသုတေသန လုပ်ငန်းများကို ဆယ်စုနှစ်ပေါင်းများစွာ စဉ်ဆက်မပြတ် ဆောင်ရွက်လာခဲ့သည့်အပြင် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဖော်ထုတ်ပေးခြင်း၊ အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ နှင့် တောင်သူလယ်သမားများ အား ချိတ်ဆက်ပေးနိုင်ရန် ပညာပေးခြင်း၊ ပေါင်းစည်းခြင်း နှင့် အတူ နိုင်ငံတော်၏ စားရေရိက္ခာ ဖူလုံရေးနှင့် အာဟာရပြည့်ဝရေး ဆိုင်ရာ သုတေသနများကို ဆောင်ရွက်အကျိုးပြုလာသည်ကို တွေ့ရမှာ ဖြစ်ကြောင်း၊

ယခုအခါ ရာသီဥတု ပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် မျိုးနှင့် နည်းပညာများ ဖော်ထုတ်ခြင်း၊ ဈေးကွက်နှင့် စားသုံးသူများ၏ လိုအပ်ချက်ကို ဦးစားပေးသည့် သုတေသနလုပ်ငန်းများ ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊

၂၀၂၄ - ၂၀၂၅ ခုနှစ် အတွင်း မျိုးသစ်နှင့် နည်းပညာများကို ဖော်ထုတ်နိုင်ခဲ့ရာ စပါးမျိုးသစ်ဖြစ်သည့် "အောင်နိုင်တိုး" စပါးမျိုးသစ်ကို အတည်ပြု ဈေးကွက်ဝင် ထုတ်လုပ်နိုင်ခဲ့ခြင်းအတွက် နိုင်ငံတော်က အသိအမှတ်ပြု ချီးမြှင့်ခြင်းခံရသကဲ့သို့ စိုက်ပျိုးရေး သုတေသန ဦးစီးဌာန ပညာရှင် ၇ ဦးအား နိုင်ငံတော်က လယ်ယာစီးပွား ထူးချွန်ဆုများ ချီးမြှင့်ခဲ့ခြင်းအတွက် ဂုဏ်ပြုအပ်ပါကြောင်း၊

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာ စေရန် နိုင်ငံတော်အစိုးရက မူဝါဒများပြင်ဆင်ချမှတ်ခြင်း၊ ပြုပြင် ပြောင်းလဲခြင်းတို့ကို ခေတ်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများသည် အခြေခံအရေးပါသည့် လုပ်ငန်းများ ဖြစ်သည့်အတွက် မိမိတို့၏ သုတေသနလုပ်ငန်းများကို နိုင်ငံတော်မှ ချမှတ်ထားသည့် မျှော်မှန်းချက်များနှင့်အညီဖြစ်အောင် ဆောင်ရွက်စေလိုကြောင်း၊ ထို့အတူ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ပူးပေါင်း

စာ-၂ သို့

ငါးလင်ပန်း ခေါ် ငါးမြီတံထုံးအသုံးဝင်ပုံ.....
စ-၈

ဆီထွက်သီးနှံ ပန်းတိုင်အထွက်ရရှိရေး.....
စ-၁၆

# တွံတေးမွေးမြူရေးဇုန်ရှိ မွေးမြူရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း



နေပြည်တော်၊ ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး၏ သား၊ ငါး၊ ရိက္ခာဖူလုံရေးနှင့် တွံတေး မွေးမြူရေးဇုန် ပိုမိုတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်နေ့တွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ရန်ကုန်တိုင်း ဒေသကြီး၊ တွံတေးမွေးမြူရေးဇုန်အား သွားရောက်ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တာဝန်ခံက မွေးမြူရေးဇုန် အပိုင်း(၁)အတွင်း မွေးမြူရေးလုပ်ငန်းရှင် ၂၁ ဦး၊ ဇုန် အပိုင်း(၂)တွင် မွေးမြူရေးလုပ်ငန်းရှင် ၂၀ ဦး၊ ဇုန် အပိုင်း(၃)တွင် မွေးမြူရေးလုပ်ငန်းရှင် ၅၁ ဦးတို့က အသားတိုးကြက်၊ ဥစားကြက်၊ တိုင်းရင်းကြက်၊ ဆိတ်၊ ငုံး၊ အသားတိုးဝက်၊ နို့စားနွားနှင့် ဒေသနွားမျိုးများ မွေးမြူထားရှိမှုအခြေအနေများကို လည်းကောင်း၊ Uni-versal Diamond Co.,Ltd မှ နို့စားနွားမွေးမြူထားရှိမှုနှင့် BOSS ဒိန်ချဉ်ထုတ်လုပ် ဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းတင်ပြပြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့် မွေးမြူရေးတောင်သူများ၊ မွေးမြူရေး အစားအစာ ထုတ်လုပ်သူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပြည်သူများ၏ စားသောက်မှုစနစ် ပြောင်းလဲလာမှုကြောင့် အသားစားသုံးမှု တိုးတက်လာခြင်းနှင့်အတူ အသား ငါး လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန် မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးလာရေးကို ဘက်စုံမှ အားပေး လျက် ရှိကြောင်း၊ ဒေသဝမ်းစာ ဖူလုံရေးအပြင် ဈေးကွက်လိုအပ်ချက် ရှိနေသည့် အသားကဏ္ဍ တိုးတက်ထုတ်လုပ် နိုင်ရေးအတွက် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန် လိုအပ်ကြောင်း၊ မွေးမြူရေးကို အခြေခံသည့် ခေတ်မီ ကုန်ချောထုတ်လုပ်မှု အားကောင်း လာစေရန် လုပ်ငန်းစဉ်တစ်လျှောက် အားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြည်တွင်းရှိ အသေးစား အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ ခိုင်မာသောဈေးကွက်ဖော်ဆောင် နိုင်ကြစေရန်၊ ဈေးကွက်နှင့်ကိုက်ညီသော အရည်အသွေးပြည့်ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်(GAHP-ဂျီအေအိပ်ပီ) နှင့်အညီ မွေးမြူထုတ်လုပ်မှု အားကောင်းလာစေရေးအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ မွေးမြူရေး တောင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်း ကူညီပေးနိုင်ရေး တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ဇုန်(၂)ရှိ မွေးမြူရေးတောင်သူ ဦးမြင့်နိုင်၏ ငုံး ၃၀၀၀၀ မွေးမြူ ထားရှိမှုနှင့် ငုံး မွေးမြူရေးအဆောင်သစ်ဆောက်လုပ်နေမှုကို လည်းကောင်း၊ဦးတင်ဝင်း၏ အသားတိုးဝက် ၁၁၀ ကောင် မွေးမြူထားရှိမှုကို လည်းကောင်း၊ ဦးချစ်ကိုကို၏ အသားစားကြက်ကောင်ရေ ၁၅၀၀၀ မွေးမြူထားရှိမှုကို လည်းကောင်း လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)သို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)တွင် ပထမနှစ် ၅၁ ဦး၊ ဒုတိယနှစ် ၅၉ ဦးနှင့် တတိယနှစ် ၃၉ ဦး တက်ရောက်ပညာသင်ယူလျက်ရှိကြောင်းသိရသည်။

ဆက်လက်၍ အစည်းဝေးခန်းမတွင် ကျောင်းအုပ်ဆရာမကြီး က ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာအပ်နှင်းပွဲ အခမ်းအနားကျင်းပရေး မှုကြမ်းနှင့် ငါးမြင်းသုတေသန မွေးမြူဆောင်ရွက်နေမှု၊ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာနှစ်တွင် ဆောက်လုပ်လျက်ရှိသည့် အဆောက်အဦးများ ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး ဆော က် လု ပ် လျ က် ရှိ သ ည့် ကျောင်းသားအိပ်ဆောင်များ ၊ ရေချိုပုစွန် သားဖောက်ရုံ တည်ဆောက်နေမှု ၊ ငါးခုံးမကြီး၊ ငါးတံခွန်၊ ရွှေဝါငါးကြင်းနှင့် ရောင်စုံငါးကြင်းများ သားဖောက်နေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

MOALI

မျက်နှာဖုံးမှ-

ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း တို့ကိုလည်း ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး သုတေသနလုပ်ငန်းများအား ဆန်းသစ် တီထွင်မှု (Innovation) ရှိကြရန် နှင့် တောင်သူလယ်သမားများကိုယ်တိုင် ပူးပေါင်းပါဝင်သည့် (Farmers Participatory Research) သုတေသနလုပ်ငန်းများကိုလည်း တိုးမြှင့် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာ နိုင်ကြည်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် လှုပ်ရှားမှု ဗီဒီယိုမှတ်တမ်းအား ပြသသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက အောင်နိုင်တိုးစပါးမျိုးသစ်ထုတ်လုပ်နိုင်မှုအတွက် နိုင်ငံတော်ချီးမြှင့်ငွေမှ ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းပေးအပ်ကြပြီး သုတေသနစွမ်းဆောင်ရည်ဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြခဲ့ကြသည်။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရေး၌ အဓိကသော့ချက်ဖြစ်သည့် စိုက်ပျိုးရေး သုတေသနလုပ်ငန်း ကို လွတ်လပ်ရေးမတိုင်မီ ၁၉၀၈ ခုနှစ် ခန့်မှစ၍ စိုက်ပျိုးနည်းစနစ် သုတေသနလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်ကို မှတ်တမ်းများ အရသိရှိရပြီး ၁၉၅၄ ခုနှစ်၊ ဇွန် ၂၂ ရက်နေ့၌ အင်းစိန်မြို့နယ် ကြို့ကုန်းတွင် စိုက်ပျိုးရေးသုတေသန ဗိမာန် (Agricultural Research Institute - ARI) အမည်ဖြင့် တရားဝင် အဖွဲ့အစည်း တစ်ခုအဖြစ် စတင်တည်ထောင်ခဲ့ရာ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေး သုတေသနလုပ်ငန်းဆောင်ရွက်ခဲ့မှုမှာ နှစ်ပေါင်း ၇၁ နှစ် တိုင်ခဲ့ပြီဖြစ်သည်။

နောက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲများက စပါးအပြင် ယာသီးနှံများ ကိုပါ သုတေသနပြုလုပ်သင့်ကြောင်း လမ်းညွှန်ချက်အရ ၁၉၇၁ ခုနှစ်တွင် အထက်မြန်မာနိုင်ငံတွင် သီးနှံစုံနှင့်သင့်လျော်မည့် ပျဉ်းမနားမြို့နယ်၊ ရေဆင်းနယ်မြေအားရွေးချယ် ပြောင်းရွှေ့ခဲ့ကာ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက် လာစေရန် ရည်ရွယ်၍ ၁၉၉၀ ပြည့်နှစ်တွင် ဗဟိုစိုက်ပျိုးရေးသုတေသနဌာန (CARI) အဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) အဖြစ် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နေ့တွင်လည်းကောင်း အဆင့်ဆင့်မြှင့်တင်ဖွဲ့စည်းခဲ့ရာ ယနေ့တွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန အဖြစ် ရပ်တည်လာခဲ့သည့် နှစ်ပေါင်း ၂၁ နှစ် တိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

MOALI

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ လပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါသည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၄ ရက်မှ ၇ ရက်ခန့်နှင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ၃ရက်ခန့် မိုးတစ်ချန်းရွာနိုင်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

## ညအပူချိန်

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

## မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၅ ရက်ခန့်၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင် ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၇ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၂ ရက်မှ ၉ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်း လာနိုင်ပါသည်။

ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ စစ်တောင်းမြစ် ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည်ပဲခူးမြို့ တွင် ၁ ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ စစ်တောင်းမြစ်ရေ သည် မဒေါက်မြို့တွင် ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေ သည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm သတင်း

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဒေါက်တာအောင်ဖုံထွေး
(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

## ချင်းစိုက်ပျိုးထုတ်လုပ်မှု ပြည်တွင်းဈေးကွက်ပေါ်တွင်သာ မှီခိုနေရ

ချင်းစိုက်တောင်သူများ၏ ပြောကြား ချက် အ ရ ချ င်း ရော င်း ဝ ယ် ကုန်သွယ်မှုသည် ပြည်ပတင်ပို့မှု ကျဆင်းသွားပြီးနောက် ပြည်တွင်း စားသုံးမှုအပေါ် မှီခိုနေရပြီဖြစ်သည်။ ချင်းကို ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းနှင့် ကလောဒေသတို့တွင် အဓိက စိုက်ပျိုးကြပြီး ဈေးနှုန်းသည်လည်း ထပ်မံကျဆင်းလာကြောင်း သိရသည်။

ချင်းကို ရန်ကုန်နှင့် မန္တလေးမြို့တို့မှ အဓိကမှာယူလျက် ရှိပါသည်။ "ယခု အချိန်သည် ချင်းထွက်ရှိသည့်ရာ သီ ဖြ စ် ပြီး အ ထွ က် နှု န်း များသောကြောင့် ဈေးနှုန်း အနည်းငယ် ကျဆင်း သွားသည်"ဟု ကလောမြို့နယ်မှ ချင်းစိုက်တောင်သူတစ်ဦးက ပြောကြားသည်။ လာမည့် လများအတွင်း ပြည်ပတင်ပို့မှု တိုးမြင့်လာပါက ချင်းဈေးနှုန်းများ ပြန်လည်မြင့်တက်လာဖွယ် ရှိသည်။ ပြည်ပတင်ပို့နိုင်ပါက ဈေးနှုန်း ကောင်းမွန်လာနိုင်သော်လည်း ချင်းဈေးနှုန်းသည် နောက်လများတွင် ထပ်ပြီးတက်လာရန် မဖြစ်နိုင်သေးကြောင်း တွေ့ရှိရသည်။

လက်ရှိတွင် ဈေးနှုန်း အနည်းငယ် ကျ ဆ င်း သွား ကြော င်း သိ ရ သ ည်။ "ပြည်တွင်း ဈေးကွက်မှာ ချင်းကုန်သွယ်မှုက အဆင်ပြေကောင်းမွန်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ ယခင်က မြန်မာနိုင်ငံသည် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ယီမင်၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ မလေးရှား၊ စင်ကာပူနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံများသို့ ချင်းကို တင်ပို့ခဲ့ကြောင်း ကုန်သွယ်ရေး ဦးစီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

https://www.gnlm.com.mm/246261-2/



# မိတ္ထီလာခရိုင်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်ရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက်

နေပြည်တော်၊ ဇန်နဝါရီ ၂၈



**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ကဖြူကျေးရွာအုပ်စု၊ မင်းတဲကုန်းကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်အကောင်အထည်ဖော်ဆောင်ရွက်သည့် ဆိုလာစနစ် စက်ရေတွင်းများမှ စိုက်ပျိုးရေ ရယူစိုက်ပျိုးထားသော ကြက်သွန်နီ စိုက်ခင်းနှင့် ကြက်သွန်မျိုးစေ့ထုတ် စိုက်ခင်းများအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဒေသခံ တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စက်ရေတွင်းများ တူးဖော်ခြင်း၊ ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများကို ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး လုပ်ငန်းအတွက် အဓိက လိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေ ဖူလုံစွာရရှိပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ကြောင်း၊ ကြက်သွန်သီးနှံမှာ ရေလိုအပ်ချက်အတော်အသင့် အသုံးပြုရပြီး၊ အကျိုးအမြတ် တွက်ခြေကိုက်သော သီးနှံဖြစ် သဖြင့် ရေရရှိရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ တောင်သူများ အနေဖြင့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုရရှိလာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံ၏ စားရေရိက္ခာ ဖူလုံမှုကိုလည်း ကြီးမားစွာ အထောက်အကူ ပြုပေးနိုင်မည် ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် သာစည်မြို့နယ် ညောင်အိုင်ကျေးရွာ အုပ်စု၊ ကမ္ဘားမြင့် ကျေးရွာ ( ကွင်းအမှတ် ၁၇၄၅ - ဦးပိုင် ၅၆ ) တွင် တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးထားရှိသော ကြက်သွန်နီ ဧက ၁၀၀ စံပြစိုက်ကွင်းရှိ ရွှေဖလား ထိပ်မောက်မျိုး ကြက်သွန်နီစိုက်ခင်းသို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံဆွေးနွေးစဉ် တောင်သူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန် တင်ပြကြရာ ဒုတိယဝန်ကြီးက အမြန်ဆုံးရရှိရေး တင်ပြဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆိုလာတပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက် ရမည့် စံလုပ်ထုံးလုပ်နည်း ( SOP ) များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ကြက်သွန်နီသည် သက်တမ်းတစ်လျှောက်လုံးတွင် ၁၀ ကြိမ်ခန့် ရေပေးသွင်းရန် လိုအပ် သည့်သီးနှံဖြစ်ရာ ရေကို လိုအပ်ချိန်တွင် လိုသလောက် ပေးသွင်းပေးခြင်းဖြင့် တစ်ဧကအထွက်နှုန်း ပိုမိုထွက်ရှိပြီး၊ တစ်ဧကမှ အမြတ်ငွေ ပိုမိုရရှိလာကြောင်း တွေ့ရှိလာရသည့်အတွက် ယခုနှစ်တွင် ယခင်နှစ်ထက် ကြက်သွန်စိုက်တောင်သူများ ပိုမိုများပြားလာကြောင်းနှင့် တောင်သူများအနေဖြင့်လည်း ရေရရှိရေးလုပ်ငန်းအပေါ် ပိုမိုအလေးထားလာကြကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ တမာကုန်း ကျေးရွာအုပ်စု တမာကုန်းရွာတွင် စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆိုလာစနစ် စက်ရေတွင်းများ ရရှိရေး တင်ပြတောင်းခံထားသည့် တောင်သူများနှင့် တွေ့ဆုံခဲ့၍ တောင်သူများ၏ တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးထားရှိသော ကြက်သွန်စိုက်ခင်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOALI**

## တရုတ်သို့ နာနတ်သီးတင်ပို့မှုအတွက် အဆိုပြုလွှာများ ဖိတ်ခေါ်

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးဦးစီး ဌာနမှ တရုတ်နိုင်ငံသို့ နာနတ်သီးတင်ပို့ရန်အတွက် အကျိုးစီးပွားတူ ဆောင်ရွက်ရန် စိတ်ဝင်စားမှု အဆိုပြုလွှာများ(EOI)ကို တောင်းခံထားကြောင်း သိရှိရသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဓာတ်ကြွင်းကင်းစင်ရေးနှင့် ပိုးမွှားရောဂါကင်းစင်ရေး (Sanitary and Phytosanitary (SPS) Protocol) သဘောတူညီချက်အရ SPS အတိုင်းအတာ သတ်မှတ်ချက် လုပ်ငန်းစဉ်များကို နှစ်စဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသော ကုမ္ပဏီများသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးများသို့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့ နောက်ဆုံးထားပြီး EOI တင်သွင်းရန် တောင်းဆိုထားသည်။

မြန်မာနိုင်ငံမှ နာနတ်သီးများကို ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်ရေးအဖွဲ့ (GACC) က နိုဝင်ဘာ ၁၁ ရက်တွင် ထုတ်ပြန် ကြေညာခဲ့သည်။

မြန်မာနိုင်ငံတွင် နာနတ်သီးကို ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် စိုက်ပျိုးပြီး၊ ရိတ်သိမ်းရာသီမှာ ဇွန်လမှ စက်တင်ဘာလအတွင်းဖြစ်သည်။ အစောပိုင်းတွင် မြန်မာနိုင်ငံမှ တရုတ် နိုင်ငံသို့ နာနတ်သီး တင်ပို့မှုကို နယ်စပ်ကုန်သွယ်ရေးအစီအစဉ်အရ တရားဝင်လမ်းကြောင်းမှ တစ်ဆင့် ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း တရုတ်နိုင်ငံသည် အဆိုပါ ကုန်သွယ်မှု လမ်းကြောင်းကို ၂၀၁၉ ခုနှစ် ဇွန် ၁၆ ရက်က ရပ်ဆိုင်းခဲ့သဖြင့် မြန်မာ့နာနတ်သီးလုပ်ငန်းကို ထိခိုက်စေခဲ့သည်။

မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များသည် ထိုင်း၊ စင်္ကာပူနှင့် အခြားနိုင်ငံများတွင် ဈေးကွက် သစ်များရှာဖွေခဲ့ကြသည်။ သို့သော်လည်း ဈေးကွက်ခွဲဝေမှုမှာ အလွန်ပင်နည်းကြောင်း၊ ယခင်နှစ်များအတွင်း မြန်မာနှင့် တရုတ်အကြား ဇေ့စပ်ညှိနှိုင်းမှုများ ဆက်တိုက်ပြုလုပ်ခဲ့ရာ ရလဒ်ကောင်းများ ထွက်ပေါ်လာခဲ့ပြီး ယခုအခါ မြန်မာ့နာနတ်သီးများကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

GACC ၏ အကြောင်းကြားချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနသည် နာနတ်သီးခြံများနှင့် တန်ဖိုးမြင့်ထုတ်ကုန်ပြုပြင်ထုတ်လုပ်သည့် စက်ရုံများစာရင်းကို GACC ထံမှ ခွင့်ပြုချက် ရယူရန် တရုတ်နိုင်ငံဘက်သို့ ပေးပို့ရန်လိုအပ်ပြီး အတည်ပြုထားသော စာရင်းကို

စာ-၅ သို့

# အင်ဒိုနီးရှားက စွမ်းအင်ဖူလုံရေးအတွက် B40 အစီအစဉ် စတင်ဆောင်ရွက်




**အင်**ဒိုနီးရှားနိုင်ငံ၊ စွမ်းအင်နှင့်သတ္တုအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး Bahlil Lahadalia က "အင်ဒိုနီးရှားအစိုးရအနေဖြင့် ဇီဝဒီဇယ် ၄၀ ရာခိုင်နှုန်း (B40) အစီအစဉ်ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဝန်ကြီး ဌာနသည် B40 အစီအစဉ်အသေးစိတ်ကို ဆွေးနွေးရန် ဌာနတွင်းအစည်းအဝေး ပြုလုပ်ခဲ့ကြောင်း လက်ရှိ အကောင်အထည်ဖော်နေသည့် B35 အစီအစဉ်အား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှစ၍ B40 အစီအစဉ်အဖြစ် အဆင့်မြှင့်တင်ရန် ဆုံးဖြတ်ခဲ့ကြောင်း" ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်နေ့က ဂျာကာတာမြို့ရှိ စွမ်းအင်နှင့်သတ္တုအရင်းအမြစ်ဝန်ကြီးဌာနတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်း ပွဲတွင် ပြောကြားခဲ့သည်။

B40 အစီအစဉ်အကောင်အထည်ဖော်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံ သမ္မတ Prabowo Subianto ၏ ၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုသုညဖြစ်စေရေး အစိမ်းရောင်စည်းမျဉ်းနှင့်အညီ အစားအစာနှင့်စွမ်းအင် ပြည့်စုံလုံလောက်ရေး မျှော်မှန်းချက်နှင့်ကိုက်ညီကြောင်း ဝန်ကြီး Bahlil Lahadalia ထံမှ သိရှိရသည်။

"အင်ဒိုနီးရှားအစိုးရသည် ၂၀၂၆ ခုနှစ်တွင် B40 အစီအစဉ်မှ B50 အစီအစဉ်သို့ ထပ်မံ၍ အဆင့်မြှင့်ရန် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက ဒီဇယ်တင်သွင်းမှုပမာဏ လျော့ကျလာမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် ဒီဇယ်တင်သွင်းမှုမရှိသလောက်အနေအထားဖြစ်လာနိုင်ကြောင်း" ဝန်ကြီး Bahlil Lahadalia က ပြောကြားခဲ့သည်။

စွမ်းအင်နှင့်သတ္တုအရင်းအမြစ်ဝန်ကြီးဌာန၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်ထိန်း သိမ်းရေးဌာန ညွှန်ကြားရေးမှူးချုပ် Eniya Listiani Dewi က B40 အစီအစဉ်သည် အင်ဒိုနီးရှားနိုင်ငံ ၏ ဒီဇယ်လောင်စာဆီ တင်သွင်းမှုကို လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုကို သက်သာစေမည်ဖြစ်ကြောင်း၊ B40 အစီအစဉ်မှ နိုင်ငံခြားငွေလဲလှယ်မှုအတွက် အင်ဒိုနီးရှားငွေ ၁၄၇ ဒသမ ၅ ထရီလီယံခန့် လျော့နည်းမည်ဖြစ်ကြောင်း၊ လက်ရှိအကောင်အထည် ဖော်လျက်ရှိသည့် B35 အစီအစဉ်မှ အင်ဒိုနီး ရှားငွေ ၁၂၂ ဒသမ ၉၈ ထရီလီယံ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ဒီဇယ်လောင်စာဆီ တင်သွင်းမှု လျှော့ ချခြင်းဖြင့် နိုင်ငံခြားငွေလဲလှယ်မှုအတွက် အင်ဒိုနီးရှားငွေ ၂၅ ထရီလီယံနီးပါး လျော့နည်းသွားမည် ဖြစ်ကြောင်း" ပြောကြားသည်။

B40 အစီအစဉ်အကောင်အထည်ဖော်ခြင်းသည် စီးပွားရေးအရ အကျိုးဖြစ်ထွန်းစေသည့်အပြင် လူမှုဝန်းကျင်နှင့် ပတ်ဝန်းကျင်အတွက်လည်း အကျိုးရှိစေပါသည်။ ဇီဝဒီဇယ် အစီအစဉ်သည် စားအုန်းဆီကြမ်းကို တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းဖြစ်ပြီး တန်ဖိုးအားဖြင့် အင်ဒိုနီးရှားငွေ ၂၀ ဒသမ ၉ ထရီ လီယံနီးပါးတိုးတက်စေပါသည်။ တစ်နှစ်လျှင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုတန်ချိန် ၄၁ ဒသမ ၄၆ သန်း လျှော့ချနိုင်ပြီး စိုက်ခင်းရှိ အလုပ်သမား ၁ ဒသမ ၉၅ သန်းနှင့် စိုက်ခင်းပြင်ပ ဆက်စပ်လုပ်ငန်းများရှိ အလုပ်သမား ၁၄,၀၀၀ ကျော်ကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် B40 အစီအစဉ်မှ ၁၅ ဒသမ ၆ ကီလိုလီတာသန်းကို ပြည်သူ့ဝန်ဆောင်မှုအတွက် ၇ ဒသမ ၅၅ ကီလိုလီတာသန်းနှင့် ပြည်သူ့ဝန် ဆောင်မှုမဟုတ်သူများအတွက် ၈ ဒသမ ၀၇ ကီလိုလီတာသန်းအဖြစ် ခွဲဝေချထားမည်ဖြစ်ကြောင်း ဆုံးဖြတ် ထားပါသည်။

B40 အစီအစဉ်အကောင်အထည်ဖော်မှုသည် စွမ်းအင်နှင့်သတ္တုအရင်းအမြစ်ဝန်ကြီးဌာန၏ အမိန့်အမှတ် 341. K/EK. 01/MEM.E/2024 ကို အခြေခံ၍ ရုပ်ကြွင်းဒီဇယ်ဆီနှင့် စားအုန်းဆီကြမ်းမှ ထုတ်လုပ်သည့် fatty acid methyl ester (FAME) တို့ ရောနှောထားသည့် ဇီဝဒီဇယ် အသုံးပြုမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါအစီအစဉ်အတွက် ဆီအုန်းစိုက်ပျိုးမှု ရန်ပုံငွေ စီမံခန့်ခွဲမှုဘုတ်အဖွဲ့က ၄၀ ရာခိုင်နှုန်း ရန်ပုံငွေထည့်ဝင်ထားပါသည်။ ဇီဝဒီဇယ်ဖြန့်ဖြူးရေးအတွက် ဇီဝဒီဇယ်ကုမ္ပဏီ ၂၄ ခုမှ ဆောင်ရွက်မည်ဖြစ်ပြီး ပြည်သူ့ဝန်ဆောင်မှုကဏ္ဍနှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍမဟုတ်သည့် လုပ်ငန်းများအတွက် ဆီနှင့်ဓာတ်ငွေ့ကုမ္ပဏီ ၂ ခု၊ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍမဟုတ်သည့်လုပ်ငန်းများ အတွက် ဆီနှင့်ဓာတ်ငွေ့ကုမ္ပဏီ ၂၆ ခုတို့ကို B40 ဇီဝဒီဇယ်ဖြန့်ဖြူးပေးရန် တာဝန်သတ်မှတ်ပေး ထားပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ စိုက်ပျိုးရေးထုတ်ကုန်အားသာချက်ဖြစ်သည့် ဆီအုန်းမှ တန်ဖိုး မြှင့်ထုတ်ကုန်အဖြစ် ဇီဝဒီဇယ်ထုတ်လုပ်ခြင်းဖြစ်ပါသည်။ ထိုသို့အကောင်အထည်ဖော် ဆောင်ရွက် ခြင်းဖြင့် လောင်စာဆီတင်သွင်းမှုကို လျှော့ချနိုင်ပြီး နိုင်ငံခြားငွေလဲလှယ်မှု သက်သာစေခြင်း၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်သည့်ကဏ္ဍရှိ လုပ်သားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်စေရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် B40 အစီအစဉ်၊ ၂၀၂၆ ခုနှစ်တွင် B50 အစီအစဉ်တို့ကို အကောင်အထည်ဖော်မည်ဖြစ်ရာ အင်ဒိုနီးရှားနိုင်ငံမှ ဆီအုန်းထုတ်ကုန်များကို ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပတင်ပို့မှုများ ချိန်ညှိဆောင်ရွက်လာနိုင်သဖြင့် ဆီအုန်းထုတ် ကုန်များ ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်မှုအနည်းအများနှင့် ဈေးနှုန်းအတက်အကျ တို့ဖြစ်ပေါ်လာနိုင်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**သွယ်သွယ်ဆုတင်**

---

စာ-၄ မှ-

၎င်း၏ ဝဘ်ဆိုဒ်တွင် ဖော်ပြပေးသွားမည်ဖြစ်သည်။

မြန်မာ့နာနတ်စိုက်ပျိုးသူများသည် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို စနစ်တကျလိုက်နာပြီး အရည်အသွေးစီမံခန့်ခွဲမှု၊ စားနပ်ရိက္ခာဖူလုံမှုအတွက် ခြေရာခံစနစ်နှင့် ဘက်စုံ ပိုးမွှား စီမံခန့်ခွဲမှု အစီအမံများကို အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်သည်။

လတ်ဆတ်သော သစ်သီးဝလံများကို ထုပ်ပိုးရာတွင် အားပြင်း



သည့် ရေဖျန်းပိုက်ဖြင့် ဆေးကြောခြင်းနှင့် အင်းဆက်များ၊ ခရုများ၊ မြက်မျိုးစေ့များ၊ မြေမှုန်များ၊ ပေါင်းပင်အကြွင်းအကျန် များနှင့် အညစ်အကြေးများကင်းစင်စေရန် အပျက်အစီးများကို စစ်ဆေးခြင်းနှင့် ဖယ်ရှားခြင်းတို့ ပါဝင်သည်။

ယင်ဖြူများကျရောက်ခြင်း (Aleurodicus dispersus)၊ နာနတ်သီးတွင် ကျရောက်သည့် မီးခိုးရောင်ပိုးစေးနဲ (Dysmicoccus neobrevipes)၊ Passionvine ပိုးစေးနဲ(Planococcus minor)၊ Jack Beardsley ပိုးစေးနဲ (Pseudococcus jackbeardsleyi) နှင့် မှိုရောဂါဖြစ်စေသော သက်ရှိ တစ်မျိုးဖြစ်သည့် Fusarium Sacchari တို့ကို ဖျက်ဆီးစေတတ်သော ဖျက်ပိုးများအဖြစ် သတ်မှတ်ထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် နာနတ်သီးကုန်သွယ်မှု ပထမ ၂ နှစ်တာကာလအတွင်း တင်ပို့မှု ပမာဏ၏ နှစ်ရာခိုင်နှုန်းထက် မနည်းသောနမူနာများကို သက်ဆိုင်ရာအာဏာပိုင်များက စစ်ဆေးရန် တောင်းဆိုထားသည်။ ၂ နှစ်အတွင်း ပိုးမွှားရောဂါမတွေ့ရှိပါက အစားအသောက် နမူနာ စစ်ဆေးခြင်း ကို တစ်ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ကြောင်းသိရှိရသည်။

**အေးအေးခိုင်**

https://www.gnlm.com.mm/moali-invites-bidding-for-pineapple-export-to-china/

# ၅ နှစ်အတွင်း နနွင်းတန်ချိန် သိန်း ၂၀ အထိ နှစ်ဆတိုး ထုတ်လုပ်နိုင်ရန် အစိုးရမှကူညီမည်ဖြစ်ကြောင်းပြောကြား

**အိ**န္ဒိယ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Piyush Goyal က အမျိုးသားနနွင်းဘုတ် အဖွဲ့သည် လာမည့်ငါးနှစ်အတွင်း ပို့ကုန်မြှင့်တင်ရန်နှင့် တန်ချိန် သိန်း ၂၀ ခန့်အထိ ထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် နိုင်ငံတကာတွင် ဈေးကွက်သစ်များဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးမည်ဖြစ် ကြောင်း၊ ထုတ်ကုန်အသစ်များအတွက် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ကာ တန်ဖိုးမြင့်နနွင်းထွက်ကုန်များ



အတွက်နိုင်ငံ၏မိရိုးဖလာအသိပညာများ ဖွံ့ဖြိုးတိုးတက်စေမည်ဟု အင်္ဂါနေ့တွင်ပြုလုပ်ခဲ့သည့် အမျိုးသားနနွင်းဘုတ်အဖွဲ့၏ ဖွင့်ပွဲအခမ်းအနားတွင်ပြောကြားခဲ့ကြောင်း သိရှိရ သည်။

အိန္ဒိယသည် ကမ္ဘာ့နနွင်းထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကိုပိုင်ဆိုင်ပါကြောင်း၊ လာမည့် ငါး နှစ်အတွင်း ထုတ်လုပ်မှုကို တန်ချိန် ၂၀ သိန်းအထိ နှစ်ဆတိုးဖို့ ကြိုးစားနေကြောင်းဝန်ကြီးက သတင်းထောက်များကို ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် အောက်တိုဘာလတွင် အမျိုးသားနနွင်းဘုတ်အဖွဲ့၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထုတ်ပြန်ကြေငြာခဲ့ကြောင်းနှင့် ယင်းသည် နိုင်ငံအတွင်း နနွင်းနှင့်နနွင်းထွက်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ထားဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အိန္ဒိယသည် ကမ္ဘာပေါ်တွင် နနွင်းထုတ်လုပ်သူ၊ စားသုံးသူနှင့် အများဆုံး တင်ပို့သူဖြစ်ကြောင်း သိရှိရသည်။

၂၀၂၂-၂၃ ခုနှစ်တွင် အိန္ဒိယ၌ နနွင်းစိုက်ဧရိယာ ဟက်တာ ၃ ဒသမ ၂၄ သိန်းရှိပြီး တန်ချိန် ၁၁ ဒသမ ၆၁ သိန်း ထွက်ရှိခဲ့ကြောင်း၊ နနွင်းအမျိုးပေါင်း ၃၀ ကျော်ကို အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးပြီး နိုင်ငံ တွင်းရှိ ပြည်နယ် ၂၀ ကျော်တွင် စိုက်ပျိုးကြောင်း၊ နနွင်းအများဆုံးထုတ်လုပ်သော ပြည်နယ်များမှာ Maharashtra၊ Telangana၊ Karnataka နှင့် Tamil Nadu တို့ဖြစ်ကြောင်းနှင့် အိန္ဒိယသည် ကမ္ဘာ့ နနွင်းကုန်သွယ်မှု၏ ၆၂ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရှိရသည်။

၂၀၂၂-၂၃ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံမှ နနွင်းနှင့် နနွင်းထွက်ကုန် တန်ချိန် ၁ ဒသမ ၅၃၄ သိန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၀၇ ဒသမ ၄၅ သန်းကို တင်ပို့သူ ၃၈၀ ကျော်က တင်ပို့နိုင်ခဲ့ကြောင်း၊ အဓိကတင်ပို့သည့်ဈေးကွက်များမှာ ဘင်္ဂလားဒေ့ရှ်၊ ယူအေအီး၊ အမေရိကန်နှင့် မလေးရှား တို့ဖြစ်ကြောင်း သိရှိရသည်။ ဘုတ်အဖွဲ့၏ အာရုံစိုက်လုပ်ဆောင်မှုများနှင့်အတူ နနွင်းတင်ပို့မှုသည် ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိရှိလာမည်ဟု ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ သိရသည်။

မျိုးမြင့်မောင်

Looking to double turmeric production to 20 lakh tonnes in 5 years, says Commerce Minister Piyush Goyal, The Economic Times, 14 January 2025.

# ရုရှားတွင် ဆန်စပါးရိတ်သိမ်းနိုင်မှု တန်ချိန် ၁ ဒသမ ၂ သန်းကျော်ဖြင့် စံချိန်သစ်တင်

**ရု**ရှားနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် (စိုက်ပျိုးရေးရာသီ- ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်အထိ) ဆန်စပါးတန်ချိန် ၁ ဒသမ ၂ သန်းကျော်ရိတ်သိမ်းနိုင်ခဲ့ပြီး ယခင်နှစ် စံချိန်ထက် ၁၇ ရာခိုင်နှုန်း ပိုများခဲ့ကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ရုရှားသည် ၂၀၃၀ ပြည့်နှစ်တွင် စပါးတန်ချိန် ၂ သန်းအထိ ရိတ်သိမ်းနိုင်ရန်လျာထားပြီး ပြည်တွင်းလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရုံသာမက ပို့ကုန်အလားအလာကိုလည်း ကောင်း မွန်စွာ ဖန်တီးပေးနိုင်မည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံတွင် စပါးသီးနှံစိုက်ခင်းဧရိယာသည် ခန့်မှန်း ၂၀၇,၀၀၀ ဟက်တာ ရှိသည်။ ၂၀၂၄ ခုနှစ်တွင် စပါးထုတ်လုပ်နိုင်မှု၏သုံးပုံနှစ်ပုံ



နီးပါးသည် ရုရှားနိုင်ငံတောင်ပိုင်းရှိ Krasnodar နယ်မြေမှ ဖြစ်ပြီး စုစုပေါင်းတန်ချိန် ၈၂၉,၀၀၀ ရိတ်သိမ်းနိုင်ခဲ့သည်။ အခြားစိုက်ပျိုးထုတ်လုပ်သည့် ပြည်နယ်၊ နယ်မြေများမှာ Dagestan၊ Rostov Oblast၊ Chechen၊ Astrakhan နှင့် Primorsky Krai တို့ ဖြစ်သည်။

ရုရှားတွင် ဆန်စပါးထုတ်လုပ်နိုင်မှုသည် နှစ်စဉ် တန်ချိန် ၁ သန်းကျော်ရှိသည်။ ၂၀၂၃ ခုနှစ် တွင် စပါး တန်ချိန် ၁ ဒသမ ၁ သန်းကျော် ရိတ်သိမ်းနိုင်ခဲ့သည်။

ပြည်တွင်း ဆန်ဖူလုံမှုရရှိစေရန် ရည်ရွယ်လျက် ရုရှားနိုင်ငံမှ ဆန်နှင့် ဆန်စပါးတင်ပို့မှု တား မြစ်ချက်ကို ၂၀၂၂ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ပြီး ၆ လတစ်ကြိမ် ပုံမှန်သက်တမ်းတိုးခဲ့ရာ လက်ရှိတွင် ၂၀၂၅ ခုနှစ်၊ ဇွန် ၃၀ ရက် အထိ သက်တမ်းတိုးထားကြောင်း သိရသည်။

ရုရှားနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသော ဆန်စပါးများသည် ဆန်လုံးတို(short grain rice) သာ ဖြစ်ပြီး ပြည်တွင်းစားသုံးရန်အတွက် လုံလောက်စွာထွက်ရှိသော်လည်း ဆန်လုံးရှည် (Long grain rice) သည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ ဆန်လုံးရှည် တင်ပို့နိုင်မည့် အလားအလာကောင်းများ ရှိနေ ကြောင်း သိရသည်။

ခွန်မျိုးသူ

https://www.interfax.ru/business/1001269

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်ဈေးကွက်ရရှိစေရန်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊
ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်တို့ကို လိုက်နာကျင့်သုံးပါ။

# ရုရှားနှင့် ထိုင်းကြား ကုန်သွယ်မှုပမာဏ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဘီလီယံအထိ ရှိမည်

ရုရှားနှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၂ ဘီလီယံ ခန့် အထိ ရှိမည် ဖြစ် ပြီး သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များကလည်း ပူးပေါင်း ဆောင်ရွက်မှုကို တိုးမြှင့်ရန် ကြိုးပမ်းလျက်ရှိကြောင်း ထိုင်းနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Yevgeny Tomikhin က ပြောကြားခဲ့သည်။

ရုရှားစာရင်းအင်းများအရ ရုရှားနှင့် ထိုင်း ကုန်သွယ်မှုပမာဏသည် ကန်ဒေါ်လာ ၂ ဘီလီယံ ခန့် ရှိမည်ဖြစ်ပြီး ထိုင်းစာရင်းအရ အနည်းငယ်လျော့နည်းနိုင်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ခန့်မှန်း ၆ ဒသမ ၁၁ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိကြောင်း၊ ပိတ်ဆို့အရေးယူမှုများ တင်းကျပ်သည့် အခြေအနေတွင် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များသည် စက်မှုလုပ်ငန်း၊ စွမ်းအင်၊ သယ်ယူပို့ဆောင် ရေး၊ စိုက်ပျိုးရေး၊ ဆေးဝါးနှင့် စားနပ်ရိက္ခာ ဖူလုံရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လိုကြ ကြောင်း ရုရှားသံအမတ်ကြီးက ပြောကြားခဲ့သည်။

ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ရုရှားနှင့် ထိုင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁.၄၃ ဘီလီယံရှိကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏသည် ၁ ဒသမ ၅ ဘီလီယံရှိခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံခန့် ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီမှ အောက်တိုဘာလအထိ ၁၀ လ တာကာလအတွင်း အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံခန့်ရှိခဲ့သည်။

ရုရှားနိုင်ငံသည် ထိုင်းနိုင်ငံသို့ ရေနံနှင့် ရေနံထွက်ပစ္စည်း၊ ဓာတ်မြေဩဇာ၊ သံနှင့် သံမဏိ၊ အလူမီနီ



ယံ၊ ဂျုံ၊ ကျောက်မျက်ရတနာ၊ နို့နှင့် နို့ထွက်ပစ္စည်း၊ သတ္တုနှင့် ဆောက်လုပ်ရေးပစ္စည်းများကို အဓိက တင်ပို့ပြီး ထိုင်းနိုင်ငံမှ စက်ပစ္စည်းနှင့် အစိတ်အပိုင်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ တာယာ၊ စည်သွတ်သစ်သီးများ၊ စည်သွတ် ပင်လယ်စာ၊ ရော်ဘာ၊ ဆန်၊ ဟင်းခတ်အမွှေးအကြိုင်များ စသည်တို့ကို အဓိက တင်သွင်းကြောင်း သိရသည်။

**ခွန်မျိုးသူ**

https://tass.ru/ekonomika/22806687

# သီးနှံအအေးခန်းစနစ်များအတွက် ကန်ဒေါ်လာ ၅၁ သန်းကျော် ဖိလစ်ပိုင်မြှုပ်နှံ

ယခုနှစ်မှစ၍ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ရေထွက်ပစ္စည်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ သက်တမ်းရှည်ကြာ ထိန်းသိမ်းနိုင်ရန်အတွက် Hybrid အအေးခန်း ၉၉ ခုခန့် တည်ဆောက်ရန် ဖိလစ်ပိုင် စိုက်ပျိုးရေးဌာနက စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုအအေးခန်းများကို ရေရှည်တည်တံ့မှုနှင့် စရိတ်သက်သာသည့် နည်းစနစ်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဌာနအတွင်းဝန် Fransisco P. Tiu Laurel Jr. က ပြောကြားသည်။ ထိုအအေးခန်းများကို ဆိုလာနှင့် လေတို့မှ ရရှိသည့် လျှပ်စစ်စွမ်းအင်ဖြင့် လည်ပတ်သွားမည် ဖြစ် ပြီး ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေပြီး ထိရောက်သည့် စွမ်းအင်စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

"ဒီ နည်းလမ်းဟာ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်ကိုသာ ဖြည့်ဆည်းရုံမက ကျယ်ပြန့်လုတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပန်းတိုင်များနှင့်လည်း ကိုက်ညီပါတယ်"ဟု ၎င်းကပြောကြားသည်။

ထိုစီမံကိန်းအတွက် ပီဆို ၃ ဘီလီယံ (ကန်ဒေါ်လာ ၅၁,၄၀၈,၃၀၀ ခန့်) ရင်းနှီးမြှုပ်နှံထားပြီး တောင်သူများ၏ လေလွင့်ဆုံးရှုံးမှုများ လျှော့ချရန်နှင့် စားနပ်ရိက္ခာဖူလုံရေးကို မြှင့်တင်သွားမည်ဖြစ်သည်။ ယခုနှစ်အတွင်း အချို့သော အငယ်စား အအေးခန်းများကို စတင်လည်ပတ်နိုင်ရန် မျှော်လင့်ထားသည်။ "အအေးခန်းစနစ် တိုးတက်လာခြင်းအားဖြင့် ကျွန်တော်တို့ဟာ စိုက်ပျိုးရေးကဏ္ဍကို ပိုပြီးခိုင်မာလာစေမယ်၊ လယ်ယာလုပ်ငန်းခွင်ဆုံးရှုံးမှုတွေ လျှော့ချနိုင်မယ်၊ လယ်ယာထွက်ကုန်သီးနှံတွေရဲ့ သက်တမ်းကို ကြာရှည်စေပြီး ဈေးနှုန်းနဲ့ ကုန်စည်ရရှိနိုင်မှုကို တည်ငြိမ်စေမယ်၊ နောက်ဆုံး စားနပ်ရိက္ခာဖူလုံမှုကို သေချာစေပါလိမ့်မယ်" ဟုTiu Laurel က ဆက်လက်ပြောကြားသည်။

အဆိုပါစီမံကိန်းသည် စိုက်ပျိုးရေးဌာနမှ ရေးဆွဲသည့် Comprehensive logistics master plan ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထိုပင်မစီမံကိန်းတွင် အအေးခန်းစနစ်များသာမက လမ်းပန်းဆက်သွယ်မှုစနစ်များ၊ စိုက်ပျိုးရေးဆိုင်ရာဆိပ်ကမ်းများ၊ နိုင်ငံတစ်ဝန်း လယ်ယာထွက်ကုန်များ ဖြန့်ဖြူးမှုချောမွေ့စေရေး ပေါင်းစည်း အအေးခန်းစနစ်များ လွှမ်းခြုံပါဝင်သည်။

နိုင်ငံတစ်ဝန်းတွင် အငယ်စား (၁၀၄) Chiller Type အအေးခန်းစနစ်




၆၅ ခု တည်ဆောက်သွားမည်ဖြစ်ပြီး အကြီးစားစနစ်တစ်ခုမှာ Camarines Sur တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အကြီးစားစနစ် ၂ ခုကို San Jose, Occidental Mindoro နှင့် Cabanatuan, Nueva Ecija တွင်လည်းကောင်း၊ modular unit ၃၁ ခုကို နိုင်ငံတစ်ဝန်းတွင်လည်းကောင်း ဆောင်ရွက်မည်ဖြစ်သည်။

"အအေးခန်းစနစ်အတွက် ၂၀၂၅ ခုနှစ်ဘတ်ဂျက်ချထားမှုဟာ စိုက်ပျိုးရေးကဏ္ဍအတွက် အားကောင်းစေဖို့ပါပဲ၊ လုပ်ငန်းခွင်ဆုံးရှုံးမှုလျှော့ချရေး၊ စားနပ်ရိက္ခာဖူလုံမှု၊ ဈေးနှုန်းတည်ငြိမ်မှုအတွက်ဖြစ်သလို စိုက်ပျိုးရေးတောင်သူတွေနဲ့ ရေလုပ်ငန်းတောင်သူတွေရဲ့ ဝင်ငွေမြင့်မားလာမှုကိုလည်း ဖြစ်စေမှာဖြစ်ပါတယ်" ဟု လက်ထောက်အတွင်းဝန် Asec. Atayde က ပြောကြားသည်။

အကြီးစားအအေးခန်းစနစ်တည်ဆောက်မှုများကို ၁၈ လ မှ ၂၂ လအထိကြာမြင့်မည်ဟု မျှော်မှန်းထားပြီး ကုန်စည်အနေအထားပေါ်မူတည်၍ စနစ်တစ်ခုလျှင် Pallet ၂၈၀၀ မှ ၃၅၀၀ ထိ သိုလှောင်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးရေးဌာနအနေဖြင့် သက်ဆိုင်ရာဒေသအစိုးရများ၊ တောင်သူသမဝါယမအသင်းများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**TTP**

**www.freshplaza.com**

# ငါးလင်ပန်း (ခေါ်) ငါးမြွတ်ထုံး၏ သဘာဝနှင့်အသုံးဝင်ပုံ

ပင်လယ်ပြာ(ငါးဦးစီး)

ငါးလင်ပန်း (ခေါ်) ငါးမြွတ်ထုံးဟူသော ငါးမှာ ရေချိုမြစ်ချောင်း၊အင်းအိုင်၊ဆည်တမံတို့တွင်တွင်းအောင်းနေတတ်ပြီး ကျေးလက်နှင့် မြို့ပြနေသူအားလုံး ကြိုက်နှစ်သက် အလွန်တန်ဖိုးထားသည့် ဟင်းလျာတစ်မျိုးဖြစ်သည်။ မြို့ပြစားသောက်ဆိုင်ကြီးများတွင် ဈေးကြီးပေးရသောဟင်းလျာတစ်မျိုးဖြစ်သည်။ငါးလင်ပန်းသည် တစ်ကမ္ဘာလုံးက ကြိုက်နှစ်သက်သော Globally consumed species ဖြစ်၍ ဈေးကွက်တွင် ဝယ်လိုအားကောင်းသော ပြည်ပပို့ကုန်တစ်မျိုးလည်း ဖြစ်သည်။

ငါးလင်ပန်းကို မြန်မာနိုင်ငံ၏ ပင်လယ်နှင့်နီးသော ရေချိုရေငန်စပ်ဒေသများရှိ လယ်ကွင်းများ၊ ချောင်းရိုးများတွင် ငါးလင်ပန်းကို ပိုတွေ့ရသည်။ ထို့ပြင် ချောင်းရိုး၊ မြောင်းရိုးများ အတွင်းရှိ ဂလိုဏ်ပေါက်များ၊ လယ်ကန်သင်းရိုး ဂလိုဏ်ပေါက်များတွင်လည်း တွင်းအောင်း၍နေထိုင်ကြသည်။ သို့သော် ငါးလင်ပန်းတို့သည် ကိုယ်တိုင် တွင်းကိုတူးဖောက်နိုင်ခြင်း မရှိပေ။ငါးလင်ပန်းကို မြန်မာနိုင်ငံတွင်သာမက အပူပိုင်းဒေသ အရှေ့အာဖရိက၊ Andaman ကျွန်းဆွယ်၊မိုဇမ်ဗစ်၊ မာလာဝီ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ မတ်ဒတ်ဂတ်စကား နိုင်ငံများတွင်လည်း တွေ့ရှိရသည်။

ငါးလင်ပန်းသည် အပူပိုင်းဒေသ ရေချိုနေငါးမျိုးဖြစ်ပြီး ရေအနက် (၃-၁၀)မီတာ အောက်ခြေကြမ်းပြင်တွင်နေထိုင်သော Demersal species ငါးမျိုးဖြစ်သည်။ရေချိုတွင် နေထိုင်ပြီး မျိုးပွားရန်၊သား ပေါက်ရန် Descending for breeding အတွက် ရေငန်ရှိရာ ပင်လယ် သမုဒ္ဒရာသို့ စုန်ဆင်းသော Catadromous species ငါးမျိုးဖြစ်သည်။ငါးလင်ပန်းငါးမျိုးစိတ်တို့သည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၂၀ ခန့်ထိ အသက်ရှင်နေထိုင်နိုင်သည်။မြစ်ချောင်းများ၏ အောက်ခြေတွင် နေထိုင်ကြသော ငါးပုစွန်၊ ကဏန်းအငယ်လေးများနှင့် worms များကို စားသုံးလေ့ရှိကြသည်။



## ငါးလင်ပန်း၏ သဘာဝ

ငါးလင်ပန်းငါးသည် ငါးလင်ပန်းဟု အမည်ရသော်လည်း ခန္ဓာကိုယ်မှာ မဝိုင်း၊ ဦးခေါင်းတွင်ချွန်၍ထောင်နေသော နားရွက်၊ ရှည်လျားသော ကိုယ်ခန္ဓာရှိသည်။ငါးလင်ပန်းကို ဖမ်းမိချိန်တွင် လက်ဖြင့်တင်းကြပ်စွာ ညှစ်လိုက်ပါက ကလေးငယ်လေးငိုသံ၊ ကြောင်ပေါက်စလေးများအော်သံကဲ့သို့ အသံမြည်သည်မှာ ထူးခြားလှပေသည်။

## ငါးလင်ပန်း၏အမည်

ငါးလင်ပန်း၏ သိပ္ပံအမည်မှာ Anguilla bengalensis ဖြစ်ပြီး အင်္ဂလိပ်အမည်မှာ Mottled eel ၊ Longfin eel ဖြစ်သည်။ မြန်မာအခေါ်မှာ ငါးလင်ပန်း(ခေါ်) ငါးမြွတ်ထုံးဖြစ်သည်။ငါးလင်ပန်းသည် မျိုးရင်း Anguillidae၊ မျိုးစဉ် Actinopterygii တွင်ပါဝင်သော ငါးမျိုးစိတ်ဖြစ်ပြီး ရေအောက်ကြမ်းပြင်တွင်နေသော ငါးမျိုးဖြစ်သည်။

## နေထိုင်ကျက်စားရာ အလေ့အထ

ငါးလင်ပန်းငါးသည် မိတ်လိုက်ဥချချိန်တွင် ရေငန်သို့ သွားရောက်လေ့ရှိပြီး ကျန်ဘဝ အစိတ်အပိုင်းများကို ရေချိုတွင်သာ ရှင်သန်သည်။ ရေချိုမြစ်ချောင်း အင်းအိုင်များ၊ ဆည်ကြီးများနှင့် ကျောက်တုံးထူထပ်သော တောင်ကျချောင်းများအထိ ကျက်စားနေထိုင် တတ်ကြသည်။

## ငါးလင်ပန်း၏ အရွယ်အစား

အများဆုံးတွေ့ရှိရသည့် အရှည်မှာ ၄ ပေခန့်ဖြစ်ပြီး Maximum length မှာ ၇ပေ ခန့်ထိ ရှိတတ်သည်။ ပုံမှန်တွေ့ရသည့်အလေးချိန်မှာ ၂ပိဿာခန့် ၊ ၃ ဒသမ ၅ ကီလိုခန့်ဖြစ်၍ Maximum weight မှာ ၄ ပိဿာခန့်၊ ၇ ကီလိုခန့်ထိ တွေ့ရှိရတတ်သည်။

## တွေ့ရှိရသည့်နိုင်ငံများ

ငါးလင်ပန်းကို မြန်မာနိုင်ငံသာမက အာရှနိုင်ငံများဖြစ်သော အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှား အစရှိသည့် နိုင်ငံများတွင်လည်း တွေ့ရှိနိုင်ပြီး အိန္ဒိယနိုင်ငံတွင် မျိုးသုဉ်းမည့်အခြေအနေနှင့် ရင်ဆိုင်နေရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရှားပါးသည့် မျိုးစိတ်အဖြစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ ငါးလင်ပန်းအသားမှာ အာဟာရဓာတ်အများအပြားပါဝင်နေသောကြောင့် ကမ္ဘာမှာ ဈေးကြီးသည့် ငါးအမျိုးအစားဖြစ်ပါသည်။

## တွင်းအောင်းခြင်း အလေ့အထ

ငါးလင်ပန်းငါးမှာ တွင်းအောင်းရသည်ကို နှစ်ခြိုက်သော ရေသတ္တဝါတစ်မျိုးလည်းဖြစ်သည်။ ပင်လယ်နှင့်နီးသည့် လယ်ကွင်းများတွင် ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်၊ ငါးလင်ပန်းများ ပေါသည်။ မိုးဦးကျ၍ လယ်ကွင်းများအတွင်း ရေပြည့်လာသောအခါ ငါးလင်ပန်းများသည် လယ်ကန်သင်းများ တွင် တွင်းအောင်းကြတော့သည်။ နွေအခါ၌ ကြွက်များဖောက်ထားသည့် တွင်းများနှင့် ကဏန်းတွင်းများထဲသို့ ဝင်နေကြသည်။ ချောင်းရိုးမြောင်းရိုးများတွင်ရှိသည့် ဂလိုင်ခေါင်းများတွင်လည်း နေကြသည်။

တစ်ချို့မှာ လယ်ကွင်းများတွင် သားပေါက်ကြသည်။ ထိုသားပေါက်များနှင့် တစ်မိုးတွင်းလုံးအတူနေကြ၍ မိုးကုန်ခါနီးဖြစ်သော တန်ဆောင်မုန်းလသို့ရောက်လျှင် ပင်လယ်ထဲသို့ပြန်ဆင်းသွားကြတော့သည်။ အခြားသော ငါး၊ ပုစွန်များကဲ့သို့ ပင်လယ်ပြင်အနက်ကြီးအတွင်းသို့ ရောက်သည်အထိ မသွားကြပေ။ ပင်လယ်စပ်သောင်တိမ်များ၌သာ တွင်းအောင်းကြတော့သည်။

## ငါးလင်ပန်းသားပေါက်ခြင်း

ငါးလင်ပန်းတို့သည် မိတ်လိုက်ဥချသားပေါက်ချိန်တွင် ရေငန်ရှိရာ ပင်လယ်၊သမုဒ္ဒရာဆီသို့သွား ရောက်လေ့ရှိပြီး ကျန်ဘဝအစိတ်အပိုင်းများကို ရေချိုတွင်သာရှင်သန်သည်။ ရေချိုမြစ်ချောင်း အင်းအိုင်များ၊ ဆည်ကြီးများနှင့် ကျောက်တုံးထူထပ်သော တောင်ကျချောင်းများအထိ ကျက်စားနေ ထိုင်တတ်ကြသည်။ရေငန်ဒေသတွင် သားပေါက်ပြီးသော ငါးလင်ပန်းသားလောင်းလေးများ eel larvae,glass eel နှင့် elvers များကို အပူပိုင်းဒေသ ပင်လယ်ရေနွေးစီးကြောင်းများမှတဆင့် ရေချို ရေငန်စပ်နှင့် မြစ်ချောင်းများရှိရာဒေသသို့ ပို့ဆောင်ပေးကြပြီး ရေချိုဒေသတွင် ဆက်လက်၍ အသက်ရှင်ကြီးထွားကြသည်။

## ငါးလင်ပန်းဖမ်းဆီးခြင်း

လယ်ကန်သင်းတွင် ငါးလင်ပန်းတွေ့သည်နှင့် လက်နှင့်နှိုက်၍



ဖမ်းယူကြသည်။ ငါးမျှားချိတ်များတွင် အစာတပ်၍လည်း မျှားကြသည်။ ငါးလင်ပန်းရှိသော တွင်းထဲသို့ သရေပင်မှအစေးကို ထည့်၍ ငါးလင်ပန်းထွက်လာသည်ကို စောင့်၍ ဖမ်းသည်လည်းရှိသည်။ သရေအစေးမှာပူသောကြောင့် ငါးလင်ပန်းထွက်ရသည်။

## မျိုးသုဉ်းမည့်အန္တရာယ် ရှိလာနိုင်သည့် ငါးလင်ပန်းမျိုးစိတ်

ငါးလင်ပန်းကို နိုင်ငံတော်တော်များများတွင် တွေ့ရှိနိုင်ပြီး အိန္ဒိယနိုင်ငံတွင် မျိုးသုဉ်းမည့်အခြေအနေနှင့် ရင်ဆိုင်နေရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရှားပါးသည့် မျိုးစိတ်အဖြစ်သို့ ရောက်ရှိလာပြီဖြစ်သည်။

ငါးလင်ပန်းအပါအဝင် ငါးမျိုးစိတ်အများအပြားသည် ဂေဟစနစ်

စာ-၉ သို့



# မိုးရွာသွန်းမှု ၄၀ ရာခိုင်နှုန်းလျော့ကျခြင်းက ပါကစ္စတန် ပန်ဂျပ်ပြည်နယ် စိုက်ပျိုးသီးနှံများအပေါ် ခြိမ်းခြောက်နေ

ပြင်းထန်သော မိုးခေါင်မှုကြောင့် ပါကစ္စတန် ပန်ဂျပ်ပြည်နယ်၏ သီးနှံစိုက်ပျိုးမှုအပေါ် သိသိသာသာ ထိခိုက်စေလျက်ရှိကြောင်း ပါကစ္စတန်မိုးလေဝသနှင့်ဇလဗေဒဌာနမှ ထုတ်ပြန်ထားကြောင်း သိရှိရသည်။ စက်တင်ဘာမှ ဇန်နဝါရီလလယ်အထိ မိုးရွာသွန်းမှု ၄၂ ရာခိုင်နှုန်း လျော့ကျလျက်ရှိပြီး တောင်သူများ၏ ဝင်ငွေကို ထိခိုက်စေလျက်ရှိသည်ဟု ဆိုသည်။ ပန်ဂျပ်ပြည်နယ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့သူများအသင်း ဥက္ကဋ္ဌ Malic Asghar က "မိုးနည်းနေတော့ လယ်သမားတွေ ဝင်ငွေ အမိကထိခိုက်တာပေါ့၊ ပုံမှန်ဆိုရင်ကျွန်တော်တို့ တစ်ဧကကို အာလူး အိတ် ၁၀၀ ကနေ ၁၂၀ အထိ ရတယ်၊ ဒီနှစ် တော့ ၆၀ ရဖို့တောင် မလွယ်ဘူး" ဟု ပြောသည်။

ပါကစ္စတန်၏ ဂျီဒီပီ လေးပုံတစ်ပုံခန့်ကို ဖြည့်ဆည်းပေးလျက်ရှိသော စိုက်ပျိုးရေးကဏ္ဍတွင် လုပ်သားအင်အား၏ ၃၇ ရာခိုင်နှုန်း ပါဝင်နေပြီး ကြုံတွေ့နေရသည့် အခြေအနေအရ လယ်သမားငယ်များသည် မြို့ပြသို့ အခြားအလုပ်အကိုင် ရှာဖွေရန် ရွှေ့ပြောင်းနေကြကြောင်း ၎င်းကဆိုသည်။ မိုးလေဝသဌာနခန့်မှန်းချက်အရ မိုးခေါင်မှုသည် ပန်ဂျပ်အပြင် Sindh နှင့် Balochistan တွင်လည်း မိုးရွာသွန်းမှု ၅၂ ရာနှုန်းနှင့် ၄၅ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း သိရသည်။

Multan မှ ဂျုံတောင်သူ Ishfaq Ahmad Jatt ကလည်း မိုးခေါင်မှုသည် ၎င်းကို ဆိုးဆိုးရွားရွား ထိခိုက်စေကြောင်း၊ ဂျုံအထွက် ၅၀ ရာခိုင်နှုန်းခန့် လျော့ကျနိုင်မည်ဟု ခန့်မှန်းထားကြောင်း ပြောကြားသည်။ နိုင်ငံ၏ အဓိကမှီခိုအားထားရာ Indus မြစ်မှာလည်း တိုးပွားလာသော လူဦးရေနှင့် မပြည့်စုံသော ရေစီမံခန့်ခွဲမှုစနစ်ကြောင့် အခက်ကြုံရလျက်ရှိသည်။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုအရ ပြီးခဲ့သည့် ၂ နှစ်က ကြီးမားသော ရေလွှမ်းမိုးမှုဖြစ်ခဲ့ပြီးနောက် ယခု မိုးခေါင်မှုကို ကြုံရခြင်းဖြစ်သည်။



ပါကစ္စတန်တွင် သီးနှံပျက်စီးဆုံးရှုံးမှုနှင့် လေထုညစ်ညမ်းလာမှုတို့ကို ကြုံနေရသည့်အတွက် စိုက်ပျိုးရေးကဏ္ဍအနေဖြင့် ရေရှားပါးမှုကို အမြန်ဖြေရှင်းရန်နှင့် ရေရှည်တည်တံ့မည့် ဆောင်ရွက်မှုများ လိုအပ်လျက်ရှိသည်။ ရာသီဥတု ဖောက်ပြန်မှု အကျိုးဆက်ကို ပြင်းထန်စွာခံစားနေရသည့် နိုင်ငံအနေဖြင့် မကြာခဏကြုံတွေ့နေရသည့် ရာသီဥတုစိန်ခေါ်မှုများအပေါ် သင့်လျော်သည့် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

TTP

---

စာ-၈ မှ

ပြောင်းလဲမှုနှင့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝမြစ်ချောင်းများအတွင်းသို့ စိုက်ပျိုးရေးကဏ္ဍသုံး ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာဓာတ်ကြွင်းများ ရောက်ရှိလာမှု၊ မြို့ပြကစွန့်ထုတ်သည့် အညစ်အကြေးများ၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများမှ စွန့်ထုတ်သည့် အညစ်အကြေးများ သဘာဝရေပြင်သို့ ရောက်ရှိကာ ရေထုညစ်ညမ်းလာခြင်းနှင့် လူတို့၏ ဥပဒေမဲ့ ဘက်ထရီရှော့တိုက်ခြင်း၊ အဆိပ်ဆေးချခြင်းကဲ့သို့ မဆင်မခြင် ငါးဖမ်းမှုများကြောင့် ကောင်ရေလျော့ကျကာ မျိုးသုဉ်းမည့် အန္တရာယ် ရှိလာခြင်းဖြစ်သည်။

### ငါးလင်ပန်းဈေးကွက်

ငါးလင်ပန်းကို နည်းမျိုးစုံသုံး၍ ဖမ်းဆီးကြရာ အဝယ်ဒိုင်များက အရှင်ကိုသာ ဝယ်သည်ဖြစ်၍ မသေအောင်ဂရုစိုက်ကြရသည်။အဝယ်ဒိုင်များမှသည် သိုလှောင်စုဆောင်းထားသော ငါးလင်ပန်းအရှင်များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချသောဈေးကွက်လည်း ရှိနေပြီဖြစ်သည်။

### ငါးလင်ပန်းမွေးမြူရေး

ငါးလင်ပန်း မွေးမြူရေးနှင့် မွေးမြူနည်းဟူ၍ မတွေ့ရသော်လည်း ဂျပန်နိုင်ငံတွင် Anguilla japonica ဟုခေါ်သည့် ငါးလင်ပန်းကို စီးပွားဖြစ်မွေးမြူနေကြောင်းနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကျောက်တုံးထူထပ်သော စမ်းချောင်းကိုပိတ်၍ ငါးလင်ပန်းများမွေးမြူသည်ကို အင်တာနက်စာမျက်နှာများပေါ်တွင် တွေ့ရတတ်သည်။ မြန်မာနိုင်ငံတွင်လည်း ငါးလင်ပန်းမွေးမြူနိုင်သော ဒေသမြောက်မြားစွာရှိရာ နည်းလမ်းရှာဖွေ မွေးမြူနိုင်ပါကငါးမျိုးလည်း တည်တံ့ စီးပွားလည်းဖြစ်နိုင်မည်ဖြစ်သည်။

### ငါးလင်ပန်း၏ အရသာ

ငါးလင်ပန်းသည် အသားနူးညံ့၍ စားရာတွင် အလွန်အရသာရှိသည်။ အုန်းနို့နှင့် ချက်စားပါက အလွန်စားကောင်းသည်။ အကင်းလိုက်ကင်စားပါက အလွန်မွှေးပါသည်။



အရိုးနည်းသည်။ ကျောရိုးမကြီးတစ်ချောင်းသာပါ၍ အခြားအရိုးမရှိပေ။ ငါးလင်ပန်းသည် အဝါနှင့် အညို ဟူ၍ ၂ မျိုးရှိသည်။ အညိုမျိုးသည် အသားမာသည်။ အဝါမျိုးလောက် စားမကောင်း၊ အဝါမျိုးကား အသားနူးညံ့သည်။ စား၍ ပိုကောင်းသည်။

### ဆေးဘက်ဝင် ငါးလင်ပန်း

Longfin Eel ဟုခေါ်သည့် ငါးလင်းပန်းသည် ငါးရှဉ့်မျိုးစိတ်အုပ်စုမှဖြစ်ပြီး ၎င်း၏ သည်းခြေမှာ လေဖြတ်လေဖြန်းရောဂါများအတွက် ဆေးဖက်ဝင်သလို ၎င်း၏သွေးမှာလည်း လူသားများအတွက် အင်အားပြည့်ဖြိုးစေပါသည်။ ၎င်း၏အချွဲမှာ အဆစ်အရောင်ရောဂါကုသရာတွင် အသုံးဝင်ပါသည်။ ငါးလင်ပန်းငါးကို စားသုံးခြင်းဖြင့်လူကိုဝစေပြီး သလိပ်ကို ပွားစေသည်။ ခံတွင်းပျက်ခြင်းနှင့် လည်ချောင်းနာခြင်းများအတွက် သင့်တော်ပါသည်။

ငါးလင်ပန်း၏ အသားသည် အာဟာရဓာတ်အများအပြား ပါဝင်သောကြောင့် နိုင်ငံတကာ ဈေးကွက်တွင် ဈေးကြီးသော ငါးအမျိုးအစားဖြစ်သည်။ အသားနူးညံ့၍ အလွန်အရသာရှိသည်။ ငါးလင်ပန်းကို ဆေးဖက်ဝင် ဂျင်ဆင်း Ginseng ဖြင့်လည်း တွဲဖက်၍ ချက်ပြုတ်စားလေ့ရှိကြပြီး ငါးလင်ပန်း၏ခန္ဓာကိုယ်မှထွက်သည့် အကျိအချွဲကို ဆန်မှုန့် သို့မဟုတ် ဂျုံမှုန့်တို့ဖြင့်ရော၍ တိုင်းရင်းဆေး အဖြစ် အသုံးပြု လျှင် Arthritis ရောဂါ၊Inflammation of joints အဆစ်အမြစ်ရောင်ရမ်းခြင်း ရောဂါကို သက်သာပျောက်ကင်းစေသည်။

အချုပ်အားဖြင့်ဆိုရသော်- ငါးလင်ပန်းငါးသည် အရသာအားဖြင့် ထူးခြားကောင်းမွန်လှသဖြင့် လူကြိုက်များသော ဈေးကွက်ဝင်ငါး တစ်မျိုး ဖြစ်သည်။ ထို့ပြင် ငါးလင်ပန်းငါးသည် ဆေးဘက်လည်းဝင်ပြီး ကျန်းမာရေးအကျိုးကျေးဇူးလည်း များပြားလှသဖြင့် အာဟာရတန်ဖိုးမြင့် ငါးတစ်မျိုးဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

ပင်လယ်ပြာ(ငါးဦးစီး)

---

စာ-၁၃ မှ

၅၅၀၀ကျပ်၊ ဆီးပန်းသီး တစ်ဖာ ၂၀၀၀၀ကျပ်၊ ပျားလိမ္မော် ၁၁ပိဿာ တစ်ခြင်း ၁၄၀၀၀၀ကျပ်ဖြင့် ပြင်ဦးလွင်၊ မကွေး၊ အောင်လံ၊ မြစ်ကြီးနား၊ လုံးခင်း၊ အင်းတော်၊ ထီးချိုင့် စသော အမှာရှိသော မြို့များသို့ တင်ပို့မှု ရှိသည်။

### ဂျုံနှင့် အစေ့ထုတ်ပြောင်း

ဂျုံစိုက်ဧကနည်း အထွက်နည်း အဝင်နည်းခဲ့ခြင်းကြောင့် လက်ကျန်နည်းခြင်း၊ အသစ်မဝင်သေးခြင်းကြောင့် ဂျုံစက်များ အဝယ်နည်းပြီး အရောင်းအဝယ်အေးပြီး အရည်အသွေးပေါ်မူတည်၍ ငါန်းဇွန်၊ မြို့သာ၊ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို၊ မြင်းမူ၊ မြောင်ဒေသထွက် ဂျုံ ၃တင်းတစ်အိတ် ၂၁၀၀၀၀ ကျပ်မှ ၂၂၀၀၀၀ ကျပ်၊ ရှမ်းဂျုံတစ်အိတ် ၁၉၅၀၀၀ ကျပ် မှ ၂၀၀၀၀၀ ကျပ်၊ ကြူကုတ်ဂျုံ ၁၈၀၀၀၀ ကျပ်၊ သြစတြေးလျ ဂျုံမှုန့် တစ်ပိဿာ ၃၇၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ ဆောင်းပြောင်းမှာ ဝင်ချိန်နီးခြင်း၊ လှောင်သမား ထုတ်ရောင်းမှု ရှိခြင်း၊ ရာသီဥတုအေး၍ အစိုဓာတ်ပါဝင်မှုရှိခြင်းတို့ကြောင့် အစာစပ်သမား ဝယ်ယူမှုပုံမှန်ရှိ သော်လည်း ၅၄ ပိဿာ တစ်အိတ် ၈၄၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ခင်မေကြည်

# စိုက်ပျိုးမွေးမြူရေးပညာနှင့်နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၂၁)

## ကမ္ဘာ့အကောင်းဆုံး စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ စံသတ်မှတ်ခြင်း-အပိုင်း-၃

(ယခင်အပတ်မှအဆက်)

စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ အပါအဝင် နိုင်ငံတကာ ထိပ်တန်း တက္ကသိုလ် များ (World-Class Top Universities) ကမ္ဘာကျော် ဖြစ်နေရခြင်းမှာ တက္ကသိုလ်များ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်မှုရှိရခြင်း (University Autonomy)သည် အကြောင်းတစ်ချက် ဖြစ်ပါသည်။

ဒေါက်တာတင်လှိုင် (ကလောင်အမည် - ဘိုးလှိုင်)၏ အဆိုအရ 'တက္ကသိုလ်ဆို သည်မှာ နိုင်ငံ့ရတနာ၊ တက္ကသိုလ်တွေမြင့်မှ နိုင်ငံတင့်တယ်မည်။နိုင်ငံအဆင့်မြင့်ချင်လျှင် နိုင်ငံသားများ၏ ပညာရေးက ပဓာနကျသည်။ ဒါကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၌ တက္ကသိုလ်များသည် အရေးပါသော အခန်းကဏ္ဍမှာ ရှိနေပါသည်။ ထို့ပြင် တက္ကသိုလ် သည် နိုင်ငံသားတို့၏ အသိအလိမ္မာ၊ ကျွမ်းကျင်ပညာ၊ အဆင့်အတန်းကို ညွှန်ပြသော ပြဒါးတိုင်လည်းဖြစ်ပါသည်' ဟူ၍ဆိုခဲ့ပါသည်။

၁၉၆၀-ခုနှစ် မတိုင်ခင်ကစ၍ ရှိနေခဲ့သော ရန်ကုန်နှင့်မန္တလေး တက္ကသိုလ် တို့သည် ကမ္ဘာ့တက္ကသိုလ်များထဲတွင်အရာဝင်ခဲ့ပြီး ထိုစဉ်က၌ တက္ကသိုလ်များမှဘွဲ့ရများသည် စာမေးပွဲအဆင့်ကောင်းကောင်းနှင့်အောင်လျှင် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များဖြစ်သော ဟားဘတ် (Harvard)၊ ယေးလ် (Yale)၊ အောက်စဖို့ (Oxford)၊ ကိန်းဗရစ် တက္ကသိုလ်များ (Cambridge Universities)တွင် ဝင်ခွင့်ရဖို့လွယ်ကူခဲ့ပါသည်။ မန္တလေးတက္ကသိုလ်၊ စိုက်ပျိုးရေးပညာမဟာဌာန (Faculty of Agriculture) တွင် နိုက်ဂျီးရီးယားနိုင်ငံမှ ကျောင်းသား အက်ဒဝပ်အာရိုး (Edward Ayo)က လာရောက်သင်ယူပြီး သူ့နိုင်ငံတွင် လူကြီးပြန်ဖြစ်သွားသည်ဟူ၍ ကြားသိရပါသည်။

ထိုစဉ်က ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်များ အောင်မြင်ရခြင်း အဓိကအချက်မှာ တက္ကသိုလ်ကို လွတ်လပ်စွာစီမံခန့်ခွဲနိုင်ခြင်းနှင့် တက္ကသိုလ် ဒုတိယအဓိပတိ(ယခု ပါချုပ်) (Vice-Chancellor/Rector) နှင့် စီမံ/သင်ကြားအဖွဲ့ကို တည့်မတ်ထိန်းကျောင်းပေးမည့် (Check and Balance) တက္ကသိုလ်ကောင်စီ/ စီမံခန့်ခွဲမှုဘုတ်အဖွဲ့ (University Council/ The Board of Trustees) ရှိခဲ့ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (Decentralization) ကိုကျင့်သုံးခဲ့ပါသည်၊ ၁၉၆၂-ခုနှစ် နောက်ပိုင်း ဤစနစ်မရှိတော့ပါ။

တက္ကသိုလ်များလွတ်လပ်စွာစီမံခန့်ခွဲနိုင်မှု (University Autonomy) ဆိုသည်မှာ တက္ကသိုလ်များ၏ ပညာရေး (Academic)၊ အုပ်ချုပ်ရေး (Administrative) နှင့် ငွေကြေး စီမံခန့်ခွဲရေး (Financial matters) စသည်တို့ကို ပြင်ပလွှမ်းမိုးမှု (External Control) မပါ ဝင်စေဘဲ၊ တစ်ဦးတစ်ယောက်တည်းက ဆုံးဖြတ်ချက်ချတာမဟုတ်ဘဲ အတွေ့ အကြုံရှိ သော ပညာရှင်များပါဝင်သော အဖွဲ့က စီမံခန့်ခွဲ၊ ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ ဤစနစ်၏ အားသာချက်များမှာ -

(က) ပညာရေးဆိုင်ရာလွတ်လပ်မှုရှိခြင်း (Academic Freedom) ဆရာ၊ ဆရာ မများနှင့် သုတေသနပညာရှင်များ၏ တီထွင်ဖန်တီးပေးနိုင်စွမ်းကို လမ်းဖွင့် ပေးနိုင်သည်။ နိုင်ငံရေးနှင့်သဘောတရားရေးရာ လွှမ်းမိုးမှု မရှိဘဲ ကျယ်ပြန့် သော သုတေသနနယ်ပယ်ကို ပြုလုပ်နိုင်ပါသည်၊ စိုက်ပျိုးရေးမွေးမြူရေးဘာသာများနှင့်ဆက်စပ်ပညာများ (Interdisciplinary Approaches)နှင့် ပြဿနာအခြေခံ စူးစမ်းလေ့လာမှု (Problem-based groundbreaking Research) သုတေသနများစွာ ပြုလုပ်နိုင်ပါသည်။

(ခ) အခြေအနေသင့်တော်အောင် စီစဉ်နိုင်မှုနှင့် ဆန်းသစ်တီထွင်နိုင်မှုရှိခြင်း (Adaptability and Innovation)လွတ်လပ်သောတက္ကသိုလ်၊ ကောလိပ်များသည် လူမှုရေးနှင့် နည်းပညာဆိုင်ရာပြောင်းလဲမှုများကို လွယ်ကူစွာ လိုက်နာ နိုင်သည်။ သင်ရိုးညွှန်းတမ်းအဟောင်းများကို ပြင်ဆင်ပေးနိုင်မှု (Revise Curricula)၊ အထူးပြုဘာသာရပ်အသစ်ကို တီထွင်ပေးနိုင်မှု (Establish new Programs)၊ ဗျူရိုကရက်ဆန်သော နှောင့်နှေးမှုများကို ကျော်လွှားနိုင်အောင် တင်ပြနိုင်မှု (Address emerging needs without bureaucratic delays) စသည့်အားသာချက်များရှိသည်။ နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးပညာ သင်ကြားပေးနေသော တက္ကသိုလ်များမှာ စိုက်ပျိုး၊မွေးမြူရေးပညာများသာ မက အင်ဂျင်နီယာ၊ နည်းပညာ၊ စီးပွားရေး၊ သစ်တော၊ ပတ်ဝန်းကျင်သိပ္ပံသာမက အခြေခံသိပ္ပံဘာသာရပ်များ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဘူမိ ဗေဒ၊ ပထဝီဝင်၊ဥပဒေစသည့် ပညာရပ်များ အားကောင်းနေသဖြင့် သင်ကြား ရေး၊ သုတေသနပညာများ ပူးတွဲပြုလုပ်နိုင်ပါသည်။

(ဂ) ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်မှု အခွင့်အလမ်းရရှိနိုင်ခြင်း (Global Competitiveness)တက္ကသိုလ်များ လွတ်လပ်စွာ ဆောင်ရွက်နိုင်မှုသည် သင်ကြားရေး၊ သုတေသနနှင့် စီမံအုပ်ချုပ်မှုများ (Adopt International best practices in governancence, teaching and research) ကို နိုင်ငံတကာ အကောင်းဆုံးစံနှုန်းများနှင့် အတူ ကျင့်သုံးနိုင်သည်။ ဤစနစ်က တစ်ကမ္ဘာလုံးမှ အတော်ဆုံးပညာရှင်၊ ကျောင်းသား၊ ကျောင်းသူများ (Recruitment of World-class Faculty and Students) ကို ခေါ်ယူ ခန့်ထား၊ သင်ကြား၊ သုတေသနပြုနိုင်သည်။

(မြန်မာနိုင်ငံရှိတက္ကသိုလ်များ အချင်းချင်းလည်း သုတေသန၊ အလုပ်အကိုင်ပေးနိုင်မှု စသည်ဖြင့် အပြိုင်အဆိုင်သင့်ပါသည်)

(ဃ) ပွင့်လင်းမြင်သာမှုရှိပြီး အချိန်တိုတိုနှင့်အကျိုးရှိခြင်း (Accountability and Efficiency)ရရှိလာသော ဘတ်ဂျက်၊ သုံးစွဲမှုများက အကျိုးရှိစွာ အသုံးချ နိုင်ပါသည်။ရလဒ်ကိုမူတည်ပြီး သင်ကြား ၊သုတေသနပြုမှုက အလွန်ခရီး ရောက်ပါသည်။အဆင့်ဆင့် တင်ပြစရာမလိုဘဲ တက္ကသိုလ်ကောင်စီ၊ စီမံခန့်ခွဲ ရေးအဖွဲ့များက လျင်မြန်စွာ ဆုံးဖြတ်နိုင်ပါသည်။

(င) ငွေကြေးစီမံခန့်ခွဲမှုမှာ ပွင့်လင်းမြင်သာပြီး လွတ်လပ်မှုရှိခြင်း (Freedom in Financial Management) တက္ကသိုလ်ကောင်စီ အဖွဲ့တွေက ကြီးကြပ်ပြီး ရရှိလာသော ကျောင်းလခ (Tuition Fees)၊ သုတေသနရန်ပုံငွေ (Research Grants)၊ ငွေပဒေသာပင် (Endowments) တို့ကို အချိန်တိုအတွင်း စနစ်တကျစီမံခန့်ခွဲနိုင်ပါသည်။

(စ) ထူးချွန်သူများကိုဆွဲဆောင်ပေးနိုင်ခြင်း (Attracting Talent) ဤစနစ်က ထိပ်တန်း၊ အတော်ဆုံး ဆရာ/ဆရာမများ၊ သုတေသနပညာရှင်များနှင့် ကျောင်းသား/သူများ လာရောက်စေရန် အားပေးပါသည်။

နောက်တစ်ခါ လွတ်လပ်သော တက္ကသိုလ်များအား စီမံကွပ်ကဲရာတွင် အရေးပါ သော တက္ကသိုလ်ကောင်စီ/စီမံအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်း

စာ-၁၁ သို့



ဒေါက်တာမျိုးကြွယ်



# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

နေပြည်တော်၊ ဇန်နဝါရီ ၁၈

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးသည် ရှမ်းပြည်နယ်(ရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ယန်းခကျေးရွာအုပ်စု၊ ဟွေကွတ်နှင့်နောင်ယန်းကျေးရွာတို့တွင် ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် ကုန်းမြင့်လယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်ဆောင်ရွက်နေမှုအား ဇန်နဝါရီ ၁၆ နေ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ညွှန်ကြားရေးမှူးချုပ်သည် ထိုနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နယ်၊ ယန်းခကျေးရွာအုပ်စု၊ ဟွေကွတ်နှင့်နောင်ယန်းကျေးရွာရှိကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ရာ စီမံကိန်းတာဝန်ခံ ဦးသိန်းဇော်(ဒုတိယညွှန်ကြားရေးမှူး)က စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံတိုင်းရင်းသားတောင်သူများ၏ လိုအပ်ချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် တာချီလိတ် မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ မယ်အောကျေးရွာတွင် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးခဲ့ရာ စီမံကိန်းတာဝန်ခံမှ စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ဒေသခံ တိုင်းရင်းသားတောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၂) ကုန်းမြင့်ဒေသလယ်ယာမြေ ဖော် ထု တ် ရေး စီ မံ ကိ န်း ရုံး ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့အနေဖြင့် နှစ်စဉ် ပြည်ထောင်စု/ပြည်နယ်အစိုးရ ရန်ပုံငွေတို့ဖြင့် ကုန်းမြင့်လယ်ယာမြေဧက ၃၀၀ ခန့် ဖော်ထုတ်ပေးလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်း ကုန်းမြင့်လယ်ယာမြေဧက ၉၃၇၃ ဒသမ ၄၅ အား ဖော် ထု တ် ပေး နိုင် ခဲ့ ပြီး ဖြ စ် သည်။

**AMD**

---

စာ-၁၀ မှ

လုပ်ဆောင်ချက်များမှာ- -

(၁) မဟာဗျူဟာမြောက်ခေါင်းဆောင်မှု (Strategic Leadership) တက္ကသိုလ်၏ အထူးတာဝန် (University's mission)၊ အနာဂါတ်မြင်ကွင်း (Vision)၊ မဟာဗျူဟာမြောက်ရည်ရွယ်ချက်များ(Strategic Goals)ကို ဦးဆောင်ဆောင်ရွက်၊ အတည်ပြုပေးသည်။

(၂) အုပ်ချုပ်မှု၊ အုပ်ချုပ်ပုံစနစ် (Goverance)တက္ကသိုလ်၏ဥပဒေရေးရာ (Legal)၊ စည်းမျဉ်း/ စည်းကမ်း (Regulatory)၊ တရားဝင် အသိအမှတ်ပြုခြင်း (Accreditation) လိုအပ်ချက်များကို ဆောင်ရွက်ပေးသည်။

(၃) ငွေကြေးရသုံးငွေစာရင်းကြီးကြပ်ရေး(Financial Oversigh)ငွေကြေးသုံးစွဲမှု (Budgets)၊စီမံချက်များ (Financial Plans)၊ အဓိက ငွေလုံးငွေရင်း စီမံကိန်း များ (Major Capital Projects) စသည်တို့ကို အတည်ပြုဆုံးဖြတ်ပေးသည်။ ငွေကြေး အရ/အသုံး ဆောင်ရွက်မှုများ (Financial Performance)၊ ရင်းနှီး မြှုပ်နှံမှုများ (Investments)၊ ရန်ပုံငွေရှာဖွေမှုများ (Fundraising Efforts) စသည်တို့ကို စောင့်ကြည့်စစ်ဆေး (Monitoring) ပေးပါသည်။

(၄) တက္ကသိုလ်၏ အဓိကတာဝန်ရှိပုဂ္ဂိုလ်များကို ခန့်ထားပေးခြင်း (Appointing Key Leaders) တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် စသည်များ ကိုခန့်ထားခြင်း (Vice-Chancellor/ President)၊ သူတို့ဆောင်ရွက်ချက်များကို စောင့်ကြည့် လေ့လာခြင်း (Appoint and evaluate performance)၊ ကောင်းမွန်စွာခေါင်းဆောင်နိုင်မှု အရည်အချင်းများကို ထောက်ပံ့ပေးခြင်း (Support leadership) စသည်တို့ဆောင်ရွက်ပါသည်။

(၅) စွန့်စားမှုများ စီမံကွပ်ကဲပေးခြင်း (Risk Management)ဖြစ်ပေါ်လာနိုင်သော စိန်ခေါ်မှုများကို အန္တရာယ်နည်းပါးစွာ ဖြစ်ပေါ်သွားအောင် ဆောင်ရွက် ပေးပါသည်။

(၆) အစုရှယ်ယာရှင်များ ကိုယ်စားပြုမှု ( Stakeholder Representation) တက္ကသိုလ်နှင့် အစိုးရ၊ ပြင်ပအစုရှယ်ရာရှင်၊ လုပ်ငန်းရှင်များ၊ အကြားပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးပါသည်။

(၇) အရည်အသွေး အာမခံနိုင်မှု (Quality Assurance) သင်ကြားရေး၊ သုတေသနကိစ္စများကိုတင်ပြလာသောအစီရင်ခံစာများ(Reports)၊ ပြန်လည် သုံးသပ်ချက်များ (Reviews)၊ ပြင်ပစာရင်းစစ်အစီရင်ခံစာများ (External accreditations)ကို စစ်ဆေးကြည့်ရှုပြီး စုပေါင်းဆုံးဖြတ်ပေးခြင်း၊ဘွဲ့၊ ဒီဂရီ၊ ဘာသာရပ်အသစ်များ (New academic programs)ကို တက္ကသိုလ်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် အညီ အတည်ပြုပေးခြင်း (Approve) စသည်တို့ကို ဆောင်ရွက်ပါသည်။

(၈) တက္ကသိုလ် အဆောက်အဦများ၊ ပိုင်ဆိုင်မှုများကို စီမံကြီးကြပ်ပေးခြင်း (Property and Infrastructure Management) ရှိနေသော အခြေခံ အဆောက်အဦများ၊ ဓာတ်ခွဲခန်းများကို ထိန်းသိမ်းပေးနေပါသည်။(Oversee the acquisition, maintence and use of University assets including building and lands)နိုင်ငံတကာရှိ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် အများစုမှာ စီမံခန့်ခွဲရေးအဖွဲ့ (သို့မဟုတ်) တက္ကသိုလ်ကောင်စီများက လွတ်လပ်စွာ ကြီးကြပ်၊ ကျင့်သုံးကြပါသည်။ ပါမောက္ခရာထူးများသာ အမြဲတမ်းရာထူး (Permanent Posts)ဖြစ်ပြီး ဌာနမှူး (Head of the Departments)၊ မဟာဌာနမှူး (Dean of the Faculties)၊ ဒုတိယပါမောက္ခချုပ် (Vice-Rector/Pro-Rector)၊ပါမောက္ခချုပ် (Rector/President/Vice-Chancellor) ရာထူးစသည်တို့မှာ ၄-၅ နှစ်တစ်ကြိမ်အလှည့်ကျ ထမ်းဆောင်ကြရပါသည်။ တက္ကသိုလ်များတွင် ထိုအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကိစ္စများသည် အမြဲတမ်းရာထူးဖြစ်နေပါက အာဏာရှင်ဆန်သွားပါလိမ့်မည်။

စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ပိုင်မြေများမှာလည်း တက္ကသိုလ်မြေကို ငှားစား၍ တက္ကသိုလ်ရန်ပုံငွေနှင့် တက္ကသိုလ်အား ထောက်ပံ့လှူဒါန်းငွေ (University Funds or University Endowment) ရှာပေးနိုင်သည်အထိ ပိုင်ဆိုင်မှုများပြားလှပါသည်။ ဥပမာ များမှာ -

(၁) ယူပီအယ်ဘီ၊ ဖိလစ်ပိုင်တက္ကသိုလ် (UPLB, The Philippines) သည် တစ်နိုင်ငံလုံး၌ ဟက်တာပေါင်း ၁၄,၆၆၅ ပိုင်ဆိုင်ပြီး မိခင်ပင်ရင်းနယ်မြေ လော့ဘားညိုးစ် (Los Banos)၌ပင် ၁၀၉၈-ဟက်တာ နှင့် မီကီလီသစ်တောဧရိယာ(Mekiling Forest Reserve)၄၃၄၇- ဟက်တာ ပိုင်ဆိုင်မှုရှိပါသည်။ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (International Rice Research Institute) ကိုပင်မြေငှား၍ နှစ်စဉ် ရန်ပုံငွေများစွာ ရရှိ နေပါသည်။

(၂) ကာလီဖိုးနီးယားတက္ကသိုလ်၊ ဒေးဗစ်၊ အမေရိကန်နိုင်ငံ (University of California, Davis, US) သည် ၂၁၄၅-ဟက်တာ ပိုင်ဆိုင်ပါသည်။

(၃) မြောက်ကိုရိုလိုင်းနား စိုက်ပျိုးရေးနှင့်နည်းပညာ ပြည်နယ်တက္ကသိုလ်၊ အမေရိ ကန်နိုင်ငံ (North Carolina Agriculture and Technology State University, US) သည် ၁၀၉၂-ဟက်တာ ပိုင်ဆိုင်ပါသည်။

(၄) အထင်ကရတက္ကသိုလ်၊နိုင်ဂျီးရီးယား(Landmark University, Nigeria) သည်၁၀၅၉-ဟက်တာပိုင်ဆိုင်ပါသည်။ထိုပိုင်ဆိုင်မှုများက တက္ကသိုလ်၏ သင်ကြားရေး၊ သုတေသနများအတွက် ရန်ပုံငွေများစွာ ရရှိစေပါသည်။

( ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပိုင်ဆိုင်မှု ၃၆၀-ဧက (၁၄၆-ဟက်တာခန့်) နှိုင်းယှဉ်ကြည့်ရန်ပါ)

(ဆက်ပါဦးမည်)

ဒေါက်တာမျိုးကြွယ်




၁၀-၁-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်

ယခုရက်သတ္တပတ်အတွင်း ဆန်စပါးကုန်စည်ဒိုင် ဝါးတန်းလမ်းတွင် ထုတ်ပြန်ထားသော ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းအလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၄၈၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေဘိုပေါ်ဆန်းအသစ် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၁၃၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဖျာပုံပေါ်ဆန်းအလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ပေါ်ကွဲဆန်အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၃၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၀၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ဧည့်မထဆန်ကြမ်း ၂၅ ရာခိုင်နှုန်းနှင့် ငစိန်ဆန် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၇၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ပြည်တွင်းစားသုံးမှုများသော ဆန်ချော၊ ဆန်လတ်အချို့မှာ ဆန်သစ်အဝင်ရှိလာခြင်းကြောင့် ဆန်ဟောင်းဈေးများ အနည်းငယ်ဈေးမြင့်နေသော်လည်း စားသုံးသူများမှ ဝယ်လိုအား နည်းခြင်းကြောင့် ယခင်အပတ် ဈေးနှုန်းများ ဖြင့်သာ ဈေးငြိမ် အရောင်းအဝယ်အေးခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ဆန်စပါးပို့လျှံနေခြင်း၊ရူပီးငွေတန်ဖိုးကျဆင်းနေခြင်း၊ဝယ်လက်များမှာလည်းဈေးအကျတွင် ဝယ်ယူမှုများခြင်းတို့ကြောင့်လည်းကောင်း၊ ထိုင်းနှင့် ဗီယက်နမ်ဆန်များမှာလည်း တရုတ်နှစ်သစ်ကူးကာလဖြစ်၍ အရောင်း အဝယ်အေးကာ ပြည်ပပို့ဆန်ဈေးနှုန်းများကျဆင်းလာခြင်းကြောင့်လည်း ကောင်း၊ မြန်မာ့ပြည်ပပို့ ဆန်များလည်း ဈေးငြိမ်အရောင်းအဝယ်အေးလျက်ရှိကြောင်းသိရသည်။ ပြည်ပပို့ဆန်များ ဈေးနိမ့်လာခြင်းကြောင့် ပြည်ပတင်ပို့ ဝယ်လက်များမှ အဝယ် ရပ်ကာကုန်သည်များနှင့် ဆန်စက်ပိုင်များကလည်း ဝယ်ယူမှုလျော့နည်းခဲ့သည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်တွင်လည်း ရောင်းလိုအား၊ ဝယ်လိုအားမျှကာ ဆန်ချော၊ ဆန်ကြမ်းများ အားလုံး ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ် အေးလျက်ရှိကြောင်းသိရ သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင်လည်း အရည်အသွေးပိုမိုကောင်းမွန်သော ဆန်များအား သတ်မှတ်ဈေးနှုန်းများထက် ပိုမိုသော ဈေးနှုန်းများဖြင့်ရောင်းဝယ်လျက်ရှိသည်။ ရန်ကုန်ဈေးကွက် သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှုပုံမှန်ရှိခဲ့ပြီး စားသုံးသူများမှ ပုံမှန်ဝယ်ယူမှုသာရှိခဲ့ ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်း

၂၀၂၅ တွင် ကမ္ဘာ့ပြောင်းထုတ်လုပ်မှုများ ကျဆင်းမည်ဟု ခန့်မှန်းထားခြင်းကြောင်းလည်း ကောင်း၊ ပြည်တွင်း စိုက်ပျိုးထုတ် လုပ်မှုအခြေအနေအရလည်းကောင်း၊ အစေ့ထုတ်ပြောင်းများအား ဝယ်လက်များမှ ဝယ်ယူမှုများကာ အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ ယခင်အပတ်ထက်ဈေးမြင့်လာခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၈၉၁၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၉၀၇၂၀ ကျပ်သို့ ရောက်ရှိဈေးမြင့်လာခဲ့သည်။ အစေ့ထုတ်ပြောင်းများအား အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံများသို့ ပင်လယ်ရေကြောင်းမှတင်ပို့မှုနည်းလာသော်လည်း ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ်တင်ပို့ရန် ဝယ်ယူမှုများလာခြင်းဖြစ်ကြောင်းသိရသည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက်(ရှည်) ဈေးနှုန်းများမှာ ပန်းရဲ၊ မြားနီ၊ ပန်းတနော်ငရုတ်ခြောက်(ရှည်) အဟောင်းစ၊ အသစ်စနှင့်အအေးခန်းသိုလှောင်ငရုတ်များ ဈေးကွက်သို့ ကုန်အဝင်များခြင်း၊ အရည် အသွေးကောင်းသော်လည်း စားသုံးသူများမှဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးနိမ့်ခဲ့သည်။ ငရုတ်ခြောက်(လတ်)ဈေးနှုန်းများမှာ မြစ်ဝမိုးထောင်ငရုတ်တစ်မျိုးတည်းသာ ဈေးကွက်သို့ ကုန်အဝင်ရှိသော်လည်း ယခင်အပတ်ထက် ကုန်အဝင်ပိုလာခြင်းနှင့် စားသုံးသူများမှ ဝယ်ယူစားသုံးမှုနည်းခြင်းကြောင့် ယခင်အပတ်ထက် ဈေးနိမ့်လာခဲ့သည်။ အလားတူပင် ငရုတ် ခြောက်(ပွ)ဈေးနှုန်းများမှာလည်း ယခင်အပတ်ထက်ဈေးနိမ့်လာခဲ့သည်။ ဆင်ဖြူကျွန်းပုနှင့် မြစ်ဝပု ငရုတ်ခြောက်များ ဈေးကွက်သို့ ကုန်အဝင်ပိုလာသော်လည်း စားသုံးသူများမှ ဝယ်လိုအား နည်းနေ ခြင်းကြောင့် ယခင်အပတ်ထက် သိသာစွာဈေးနိမ့်လာခဲ့သည်။ ငရုတ်ခြောက်(ရှည်၊လတ်၊ပွ) တစ်ပိဿာ လျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၈၀၀၀-၁၄၂၅၀-၁၈၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၇၀၀၀-၁၃၂၅၀-၁၀၇၅၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်လာခဲ့သည်။ ကြက်သွန်နီအသစ်များ ဈေးကွက်သို့ ကုန်အဝင်လှိုင်ချိန်ဖြစ်ခြင်း၊ ဈေးကွက်သို့ ကုန်အဝင်များခြင်း၊ စားသုံးသူများမှ လိုအပ် သလောက်သာဝယ်ယူမှုရှိခြင်း၊ ရောင်းလိုအားများခြင်းတို့ကြောင့် ကြက်သွန်နီ(ထူး၊လတ်၊သေး) ဈေးနှုန်းများ ယခင်အပတ်ထက် ဈေးနိမ့်လာခဲ့သည်။ ကြက်သွန်နီ(ထူး၊လတ်၊ သေး) တစ်ပိဿာ လျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၃၃၇၅-၂၇၅၀-၂၂၇၅ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၇၀၀-၂၅၂၅-၁၇၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဈေးကွက်သို့ မြင်းခြံ၊မုံရွာ၊ မြစ်သား၊ ဆိပ်ဖြူ၊ မိတ္ထီလာ၊တောင်တွင်းဒေသများမှ ကုန်ဝင်ရောက်မှုများခဲ့ကြောင်းသိရသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အသစ်ပေါ်ချိန်နီးလာခြင်းကြောင့် အဟောင်းလက်ကျန်များ ဈေးကွက်သို့ ကုန်အဝင်ပိုလာခြင်း၊ ရောင်းလိုအားများခြင်းကြောင်းလည်းကောင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) မှာ နယ်စပ်ဂိတ်အချို့ဖွင့်လာခြင်းကြောင့် ကုန်စည်စီးဆင်းမှုကောင်းကာ ဈေးကွက်သို့ ကုန်အဝင် ပိုလာခြင်း၊ စားသုံးသူများမှ ဝယ်ယူစားသုံးမှုနည်းခြင်းတို့ကြောင့်လည်းကောင်း အသီးသီး ဈေးနိမ့်လာခဲ့သည်။ ကြက်သွန် ဖြူ(ရှမ်း)တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၁၂၈၅၀ ကျပ်မှ ယခုအပတ် ဈေးနှုန်း ၁၁၈၀၀ ကျပ်သို့လည်းကောင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေး နှုန်းမှာ ၁၇၅၀၀ ကျပ်မှ ယခုအပတ် ဈေးနှုန်း ၁၅၅၀၀ ကျပ်သို့လည်းကောင်း အသီးသီးရောက်ရှိ ဈေးနိမ့်ခဲ့သည်။ အာလူးဈေးနှုန်းများမှာ နယ်စပ်ဂိတ်အချို့ ဖွင့်လာခြင်းကြောင့် တရုတ်အာလူးများ ဈေးကွက်သို့ အဝင်ပုံမှန်ရှိလာခြင်း၊ စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးနိမ့်လာခဲ့သည်။ တရုတ်အာလူး တစ်ပိဿာ လျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၅၂၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၂၅၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်လာခဲ့သည်။ ရှမ်းအာလူးအချို့ ဈေးကွက်သို့ ကုန်အဝင်ရှိသော်လည်း ဈေးနှုန်း ကောက်ယူနိုင်ခဲ့ခြင်းမရှိခဲ့ပါ။

## စားသုံးဆီ

စားအုန်းဆီအမြောက်အများစိုက်ပျိုးထုတ်လုပ်သော အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံများ တွင် မိုးရွာသွန်းမှုများနှင့် ရေကြီးမှုများရှိခဲ့ခြင်းကြောင့် စားအုန်းဆီအထွက်နှုန်းကျဆင်းခဲ့ခြင်း၊ ဇီဝ လောင်စာဆီအဖြစ် တိုးမြှင့်အသုံးပြုမှုများလာခြင်း၊ ဆီကြမ်းပို့ကုန်အခွန်နှုန်းထားများမြင့်လာခြင်း၊ ဒေါ်လာငွေလဲနှုန်းမြင့်လာခြင်းတို့ကြောင့် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းဈေးမြင့်လျက်ရှိသည်။ ကမ္ဘာ့ စားအုန်းဆီထုတ်လုပ်တင်ပို့သော နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများ အပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်နေ့အထိ ကုန်ဆုံးသောကာလအတွက် ထုတ်ပြန် ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်း ဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၂၄၅ ကျပ်ဖြစ်သည်။ ယခင်အပတ်၏ ရည်ညွှန်းဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၁၀ ကျပ်နှုန်း ဈေးနိမ့်လာခဲ့ သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်း ဈေးနှုန်းထက်များစွာ မကွာသောဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်း ရောင်းချ ပေးလျက်ရှိသည်။ အချို့သော မြို့နယ်များတွင် စားအုန်းဆီတစ်ပိဿာ၏ ပြင်ပပေါက်ဈေးမှာ ၁၄၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

အေးသန္တာဝင်း

## ဆန်

ဆန်အသစ်ဝင်ရောက်မှုရှိခြင်း မြို့တွင်းစားသုံးမှု ပုံမှန်ရှိခြင်းကြောင့် ရန်ကုန်ပေါ်ဆန်းတစ်အိတ် ၁၂၅၀၀၀ကျပ်၊ ရွှေဘိုပေါ်ဆန်းတစ်အိတ် ၁၃၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

မနောသုခဆန်မှာ မန္တလေးဝန်းကျင်မှ ထွက်ရှိခြင်း၊ မြို့တွင်း လူလတ်တန်းစားသုံးဆန်ဖြစ်ခြင်း၊ အသစ်ဝင်ရောက်မှုရှိခြင်း၊ မြို့တွင်းစားသုံး မှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၈၅၀၀၀ကျပ်ဖြင့် ဈေးတည် ငြိမ်နေသည်။

ငစိန်ဆန်မှာ ပဲခူးတိုင်းမှ ထွက်ရှိပြီး ရန်ကုန်ဈေးကွက်မှ တဆင့်ဝင် ရောက်သော ဆန်ဖြစ်ခြင်း မုန့်လုပ်ငန်းသမားများ အဝယ်နည်းခြင်းကြောင့် တစ်အိတ် ၈၀၀၀၀ကျပ်မှ ၇၈၀၀၀ကျပ်သို့ ဈေးမသိ မသာနိမ့်သွားပြီး ဧယာ ဆန်မှာ မြို့တွင်းစားသုံးမှု ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၈၈၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။

ဧရာမင်းဆန်မှာ မန္တလေးဝန်းကျင်မှ အသစ်များဝင်ရောက်ခြင်း၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ ကျပ်မှ ၁၃၀၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

သာ ရောင်းဝယ်မှုရှိခြင်း ကြောင့် တစ်ပိဿာ ယခင်အပတ် ၄၅၀၀ကျပ်မှ ၅၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး အောင်ပန်းအာလူးမှာ အဝင်ပုံမှန်မြို့တွင်းသုံး ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၅၅၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။

ချင်းဈေးနှုန်းအနေဖြင့် အောင်ပန်းချင်းများ အဝင်နည်းခြင်း၊ မြို့တွင်းသုံး ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၃၀၀၀ကျပ်ဖြင့် ဈေးငြိမ် နေသည်။

## ပဲမျိုးစုံ

မတ်ပဲဈေးနှုန်းမှာ မန္တလေးဝန်းကျင် ပဲများအရည်အသွေးပေါ် မူတည်၍ ၂၅၀၀၀၀ကျပ်မှ ၂၈၀၀၀၀ကျပ်၊ ကျောက်ရစ်ပဲ ၃တင်းတစ်အိတ် ၂၈၂၀၀၀ကျပ်၊ ရေသွင်းပဲ ၂၄၀၀၀၀ကျပ်ဖြင့် ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက် များ အဝယ်ပုံမှန်ရှိ နေသည်။

ပဲတီစိမ်း (အညာ)မှာ ဆောင်းပဲတီသစ်များ အဝင်ရှိခြင်း၊ ထွက်ရှိ ရာဒေသ အရည်အသွေးပေါ် မူတည်၍ ဈေးကွာခြားခြင်းကြောင့် တစ်အိတ် ၂၇၀၀၀၀ကျပ်မှ ၂၉၀၀၀၀ကျပ်ထိ ဈေးအမျိုးမျိုးနှင့် ပဲခွဲစက်များ၊ လှောင် သမား များဝယ်ယူမှုရှိသည်။

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၀-၁-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆီထွက်သီးနှံ

မြေပဲ (လုံးဆန်/ဆီဆန်) ဈေးနှုန်းမှာ ဆောင်းမြေပဲအသစ်များ အဝင်များလာခြင်းကြောင့် မြင်းမူလုံးဆံအသစ် အရည်အသွေးကောင်းများ ၁၀၀ပိဿာ ၉၈၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး လက်ကျန်အဟောင်း များမှာ အရည်အသွေးညံ့သွားပြီး အရောင်းအဝယ်အေးခြင်းကြောင့် ၁၀၀ ပိဿာ ၉၀၀၀၀၀ကျပ်မှ ၈၈၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ မြေပဲ(ဆီဆန်) ဈေးနှုန်းမှာ အသစ်မဝင်သေးခြင်း၊ ဆီစက်သမား ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ၁၀၀ပိဿာ အရည်အသွေးအကောင်းဆုံး ၈၇၀၀၀၀ကျပ်မှ ၉၀၀၀၀၀ ကျပ် သို့ ဈေးမြင့်သွားသည်။

နှမ်းမျိုးစုံဈေးနှုန်းအနေဖြင့် အဝင်ပုံမှန်ရှိပြီး လုပ်ငန်းသမားနှင့် တရုတ်ဝယ်လက်နည်းခြင်း ကြောင့် ၄၅ပိဿာ ၃၆၀၀၀၀ကျပ်ဖြင့် ဈေး တည်ငြိမ်နေသည်။ နှမ်းညိုမှာ အသစ်အဝင်ရှိပြီး ဆီစက် သမားအဝယ်ပုံမှန်ရှိ ခြင်း၊ နှမ်းဝါ၊ နှမ်းနီများလည်း ဝင်ရောက်မှုရှိခြင်းကြောင့် ၄၅ပိဿာ ၃၁၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းနီ ၄၅ပိဿာ ၃၃၅၀၀၀ကျပ်၊ နှမ်းဝါ ၃၂၀၀၀၀ကျပ် ဆောင်းနှမ်းနက် ၅၆၀၀၀၀ကျပ်တို့ဖြင့် ရောင်းဝယ်မှုရှိသည်။

ပန်းနှမ်းဈေးနှုန်းမှာ အသစ်မဝင်သေးခြင်း၊ ဈေးမြင့်သဖြင့် ဆီစက် သမားအဝယ်နည်းပြီး အရောင်းအဝယ်အေးခြင်းကြောင့် ၄၅ပိဿာ ၂၃၅၀၀၀ကျပ်၊ နေကြာမှာလည်း ဆီစက်သမား အဝယ်နည်းခြင်း၊ ဆောင်း နေကြာမဝင်သေးခြင်းကြောင့် ယခင်ဈေးအတိုင်း ၂၇ပိဿာ ၁၈၀၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက်(ရှည်) ဈေးနှုန်းမှာ သာစည်၊ ပျော်ဘွယ် နယ်စုံ အဝင် ရှိခြင်းကြောင့် တစ်ပိဿာ လဆန်းပိုင်း ၁၅၀၀၀ကျပ်မှ ၁၂၀၀၀ကျပ်သို့ ဈေး နိမ့်သွားသည်။ စစ်ကိုင်းဘက်မှ ငရုတ်စို(လတ်)များ မဝင်သေးခြင်းကြောင့် ရှမ်းငရုတ်ခြောက်လတ်များ တစ်ပိဿာ ၁၂၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။ Air-con ဖြင့်ထားသော ငရုတ်ခြောက်(ပွ)များ လက်ကျန်မရှိ သလောက်နည်းသွားပြီး ပခုက္ကူနှင့် ဧရာဝတီတိုင်းမှ အပွသီးများ ဝင်ရောက် ခြင်း ကြောင့် ငရုတ်ခြောက် (ပွ) တစ်ပိဿာ ၂၀၀၀၀ကျပ်မှ ၁၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

ကြက်သွန်နီဈေးနှုန်းမှာ မြစ်သား၊ ရွှေဘိုနှင့် နယ်စုံအဝင်ရှိပြီး မြစ် သား ကြက်သွန်(ကြီး) တစ်ပိဿာ ၄၀၀၀ကျပ်၊ လတ်တစ်ပိဿာ ၃၈၀၀ကျပ်၊ သေးတစ်ပိဿာ ၃၂၀၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေပြီး ရွှေဘိုနှင့် နယ်စုံ ကြက်သွန်များမှာ ကြီးတစ်ပိဿာ ၃၂၀၀ကျပ်၊ လတ်တစ်ပိဿာ ၂၈၀၀ကျပ်၊ သေးတစ်ပိဿာ ၁၈၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကြက်သွန်ဖြူ(တရုတ်) အဝင်မရှိသလောက်နည်းပြီး လက်ကျန် များသာ ရောင်းချမှုရှိသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ လက်ကျန် အရည်အသွေး ပေါ်မူတည်၍ တစ်ပိဿာ ၁၀၀၀၀ကျပ်မှ ၁၄၀၀၀ကျပ်ဖြင့် မြို့တွင်းစားသုံးမှု ပုံမှန်ရှိနေသည်။

အာလူးဈေးနှုန်းမှာ တရုတ်အာလူးအဝင်နည်းပြီး လက်ကျန်များ

ပဲပုတ်(မြန်မာ) မှာ ဆောင်းပဲအသစ်များ ဝင်ရောက်ခြင်း၊ လုပ်ငန်း သမားဝယ်ယူမှု ပုံမှန်ရှိခြင်း ကြောင့် ၃တင်းတစ်အိတ် ၃၃၀၀၀၀ကျပ်မှ ၂၉၀၀၀၀ကျပ်သို့၍ ဈေးနိမ့်သွားပြီး ပဲပုတ်(ရှမ်း)မှာ အသစ် မဝင်သေးခြင်း၊ ဆီစက်သမားဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ၃၁၅၀၀၀ကျပ်မှ ၃၃၅၀၀၀ကျပ်သို့ ဈေးမြင့် သွားသည်။

ပဲစဥ်းငုံ(နီ)များ အသစ်အဝင်ရှိခြင်း၊ ရန်ကုန်ဝယ်လက် အဝယ် နည်းခြင်းကြောင့် ၃တင်း တစ်အိတ် ၂၉၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

ကုလားပဲဈေးနှုန်းမှာ (ကုဖြူကြီး) မှာ အသစ်များဝင်ရောက်ခြင်း ကြောင့် လုပ်ငန်းသမား အဝယ်ပုံမှန်ရှိသော်လည်း ၃တင်းတစ်အိတ် ၂၇၀၀၀၀ကျပ်မှ ၂၄၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ကုလားပဲ (လုံးဝါကြီး) မှာ အသစ်မဝင်သေးခြင်း၊ ပစ္စည်းရှားသော်လည်း အရောင်းအဝယ်အေးခြင်း ကြောင့် ၃တင်းတစ်အိတ် ယခင်ဈေးနှုန်းများအတိုင်း ၂၆၀၀၀၀ကျပ်ဖြင့် ဈေး တည်ငြိမ်နေပြီး ခွဲခြမ်းမှာ ဟင်းသီး/ရွက် ပဲစိုများ ပေါ်ချိန်ဖြစ်၍ လက်ကျန် များပြီး တစ်ပိဿာ ၆၄၀၀ကျပ်မှ ၆၃၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

ပဲကြီး(ကြီး/သေး)၊ ပဲလွန်းဖြူ/ပြာ တို့မှာ အသစ်ဝင်ချိန်နီး သော်လည်း မဝင်သေးခြင်း၊ လက်ကျန်နည်းသော်လည်း လုပ်ငန်းသမားအ ဝယ်နည်းခြင်းကြောင့် ပဲကြီး (ကြီး) ၃တင်းတစ်အိတ် ၂၉၅၀၀၀ကျပ်၊ ပဲကြီး(သေး)၂၄၀၀၀၀ကျပ်၊ ပဲလွန်းဖြူ ၂၅၀၀၀၀ကျပ်၊ ပဲလွန်းပြာ ၂၂၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ထောပတ်ပဲ(သေး)မှာ အသစ်စတင်ဝင်ရောက်မှုရှိပြီး လက်လီ သမား အဝယ်ပုံမှန်ရှိခြင်း ကြောင့် တစ်အိတ် ၃၁၀၀၀၀ကျပ်ဖြင့် ဈေးငြိမ် နေသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ

မန္တလေးကိုင်းတန်းဈေးတွင် ခရမ်းချဥ်(ရှမ်းတောင်)မှာ ရာသီကုန် ပင်ကျ သီးများသာ ဝင်ရောက်မှုရှိပြီး အရည်အသွေးညံ့ခြင်း၊ ပွဲရုံတိုင်းဝင် ရောက်မှုမရှိခြင်းကြောင့် ၂၀ပိဿာ တစ်သေတ္တာ ၂၀၀၀၀ကျပ်၊ ထိုင်ဝမ်သီး တစ်ပိဿာ ၁၄၀၀ကျပ်၊ မြန်မာသီး တစ်ပိဿာ ၁၅၀၀ကျပ်ဖြင့် မြို့တွင်း စား သုံးမှုများနေသည်။ မုံရွာ၊ ချောင်းဦးမှအဝင်များခြင်းကြောင့် ငရုတ်စို(ရှည်) တစ်ပိဿာ ၃၀၀၀ကျပ် ငရုတ်စို(လတ်) ၆၀၀၀ကျပ်ဖြင့် ငပိထောင်း လက်ဖက်သမားများ အဝယ်များနေသည်။ ဆောင်းကာလ ဖြစ်၍ ဂေါ်ဖီတစ် ထုပ် ၁၅၀၀ကျပ်၊ ပန်းမုံလာတစ်ပွင့် ၈၀၀မှ ၁၀၀၀ကျပ်၊ ပန်းမုံလာစိမ်းတစ် ပွင့် ၈၀၀ကျပ် ပြင်ဦးလွင်မှ မုံလာဥနီ တစ်ပိဿာ ၂၀၀၀ကျပ်ဖြင့် စားသောက် ဆိုင်များနှင့် မြို့တွင်း စားသုံးရန်ဝယ်ယူမှု ပုံမှန်ရှိနေသည်။

သစ်သီးဝလံများအနေဖြင့် ညောင်ပင်ဝန်းမှ သဘော်သီးများ အဝင် များပြီး တစ်လုံး ၁၈၀၀မှ ၂၀၀၀ကျပ်၊ မင်းကွန်းဘက်မှ ဖရဲသီး ၃ပိဿာ ၅၀ကျပ်သား အလေးချိန် တစ်လုံး ၅၀၀၀ကျပ်၊ ရွှေသခွားတစ်လုံး ၄၅၀၀ကျပ်၊ ပိုက်သခွားတစ်လုံး ၃၀၀၀ကျပ်၊ တရုတ်စပျစ်သီး ၄ပိဿာ တစ်ခြင်း

စာ-၉ သို့

# သဘာဝကပေးအစာနှင့်ဆေး

# ကင်ပိမ့်ပင်

ကင်ပိမ့်ပင်ကို အရပ်အခေါ် မင်သီးပင်ဟု လူသိများပြီး ဆေးဖက်အခေါ် နွယ်နီနတ်ပန်းပင်ဟုလည်း ခေါ်တတ်ကြ၏။ ယင်း၏ အင်္ဂလိပ်အမည်မှာ Malabar spinach ဟုခေါ်ပြီး Vine spinach နှင့် Ceylon spinach ဟုလည်း လူသိများ ယင်း၏ရုက္ခဗေဒအမည်မှာ Basella alba ဖြစ်ကာ မျိုးရင်း Basellaceae တွင် ပါဝင်၏။ ကင်ပိမ့်ပင် သည် အင်းဒီးယန်းတိုက်ငယ်မှနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် နယူးဂီနီယာနိုင်ငံများမှ စတင်ဖြစ်ထွန်းပြီး နောက်ပိုင်းတွင် တရုတ်၊ အပူပိုင်းအာဖရိက၊ ဘရာဇီးလ်၊ ကိုလံဘီယာ၊ အနောက်အင်းဒီစ်၊ ဖီဂျီနှင့် ပြင်သစ် ပိုလီနေးရှား နိုင်ငံများအထိ ပေါက်ရောက် နေရာယူလာကြ၏။ ကင်ပိမ့်ပင်သည် နှစ်ရှည်နွယ်ပင်မျိုးဖြစ်ပြီး ယင်းကို အရှေ့တောင် အာရှနိုင်ငံများနှင့် အာဖရိကနိုင်ငံများတွင် ဟင်းသီးဟင်းရွက်အဖြစ် တွင်ကျယ်စွာ စားသုံးကြ၏။

ကင်ပိမ့်ပင်သည် လျင်မြန်စွာကြီးထွားဖွံ့ဖြိုးနိုင်သော နူးညံ့သောပင်စည်ရှိသည့်နွယ်ပင်မျိုးဖြစ်ပြီး ၁၀ မီတာ အထိ ရှည်လျားစွာ ပေါက်ရောက်ကြ၏။ ယင်း၏ ထူပြီး အရည်ရွှမ်းသော အသည်းပုံအရွက်များသည် အနံ့ အနည်းငယ် ရှိပြီး ချွဲကျိကျိအလွှာဖြင့် တည်ဆောက်ထားကြ၏။ ကင်ပိမ့်ပင်၏ ပင်စည်အရောင်ပေါ်မူတည်ပြီး အစိမ်းနှင့် အနီဟူပြီး နှစ်မျိုးရှိ၏။ ပင်စည်အစိမ်းမျိုးကို Alba ဟု ခေါ်ပြီး ခရမ်းနီရောင်မျိုးကို Rubra ဟု ခေါ်ကြ၏။

ကင်ပိမ့်ရွက်ခြောက် ၁၀၀ ဂရမ်တွင် ၂၇၅ ကယ်လိုရီ၊ ပရိုတင်း၊ အဆီ၊ ကာဘိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ ကယ်လ်စီယမ်၊ ဗီတာမင်အေ၊ ဘီဝမ်း၊ ဘီတူး၊ နိုင်ရာစင်၊ ဘီစစ်၊ ဗီတာမင်စီ တို့ ကြွယ်ဝစွာပါဝင်၏။ ထို့အပြင်သံဓာတ်၊ ကယ်လ်စီယမ်၊ ဗီတာမင်စီနှင့် ဗီတာမင်အေတို့ ကြွယ်ဝစွာပါဝင်၏။ ထို့မျှသာမက ပရိုတင်း၊ ဖော့စ်ဖရပ်စ်နှင့် ပိုတက် စီယမ်တို့လည်း အမြောက်အများ ပါဝင်၏။ ဓာတ်တိုးဆန့်ကျင်နိုင်သော လူတင်န် lutein နှင့် ဘီတာကယ်ရိုတင်းတို့ ကြွယ်ဝစွာပါဝင်၏။

- ကင်ပိမ့်ရွက်တွင်ပါဝင်သည့် ဖိုလိပ်ဓာတ်သည် ကိုယ်ခန္ဓာတစ်ခုလုံး၏ ဇီဝကမ္မဖြစ်စဉ်ကောင်းမွန်စေရန် ထမ်းဆောင် ပေးနိုင်သည့်အပြင် ဓာတ်တိုးဆန့်ကျင်ခြင်းဖြစ်စဉ်များလည်းကို ထိန်းချုပ်ပေးနိုင်စွမ်း၏။ ထို့အပြင် နှလုံးသွေးကြော ဆိုင်ရာဆက်စပ်ရောဂါများ၊ ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများ လေးလံနှေးကွေးလာခြင်း၊ စိတ်ဓာတ်ကျလွယ်ခြင်း၊ စိတ်ဖောက်ပြန်ခြင်းနှင့် ဇရာအကြို



မှတ်ဉာဏ်ချို့ယွင်းခြင်းများ ဝေဒနာများအတွက် ကင်ပိမ့်ရွက်ကို နေ့စဉ်စားသုံးသည့် အစားအစာများတွင် ထည့်သွင်းချက်ပြုတ်စားသုံးပေးသင့်၏။
- ကင်ပိမ့်ရွက်ကို စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်အတွင်းရှိ အူမကြီး၊ သားအိမ်ခေါင်း၊ ရင်သား၊ အဆုတ်နှင့် ဦးနှောက် ကင်ဆာများ ဖြစ်ပွားမှုကို ဟန့်တားစေနိုင်၏။

- သံဓာတ်ကြွယ်ဝစွာ ပါဝင်သည့် ကင်ပိမ့်ရွက်ကို ချက်ပြုတ်စားသုံးပေးခြင်းသည် သွေးနီဥကျန်းမာရေးကောင်းမွန်စေ ပြီး သွေးအားနည်းမှ သက်သာစေခြင်း၊ သွေးကင်ဆာရောဂါ ဖြစ်ပွားနိုင်ခြင်းတို့မှ သက်သာစေနိုင်၏။
- ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း မိခင်သည် သံဓာတ်ချို့တဲ့ခဲ့ပါက မွေးဖွားလာသည့်ရင်သွေးငယ်တွင် ဦးခေါင်းခွံ မဆက်ခြင်း၊ မွေးရာပါကျောရိုးအမြွှေးကျုံခြင်း၊ ကိုယ်လက်အင်္ဂါမပြည့်စုံခြင်းနှင့် မွေးရာပါနှလုံးရောဂါများ ပါလာတတ်သည့် ရင်သွေးငယ်ကို မွေးဖွားခြင်း အစရှိသည်တို့ ကြုံတွေ့ရတတ်၏။ သို့ဖြစ်ရာ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကင်ပိမ့်ရွက်ကို စားသုံးပေးသင့်၏။
- လူသားတို့နေ့စဉ်လုပ်ငန်း ဆောင်တာများကို စွမ်းဆောင်ရည်အပြည့်နှင့် ဆောင်ရွက်လိုသူများ၊ သွေးဆုံးချိန်အကြို ဝေဒနာခံစားနေရသည့် အမျိုးသမီးများအတွက် သံဓာတ်ကြွယ်ဝသည့် ကင်ပိမ့်ရွက်ကို စားသုံးပေးခြင်းဖြင့်တစ်နေ့တာ လုပ်ငန်းစဉ်များကို စိတ်ရောကိုယ်ပါတက်ကြွစွာဖြင့် လုပ်ဆောင်နိုင်စေ၏။
- လတ်ဆတ်သည့်ကင်ပိမ့်ရွက် ၁၀၀ ဂရမ်တွင် အစာစွမ်းအင် ၁၉ ကယ်လိုရီသာ ပါဝင်ပြီး အဆီပါဝင်မှု အလွန်နည်းပါးကာ ဗီတာမင်၊ သတ္တုဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိတို့ ကြွယ်ဝစွာပါဝင်ခြင်းကြောင့် ကိုယ်အလေးချိန် လျှော့ချလိုသူများအနေဖြင့် ကင်ပိမ့်ရွက်ကို ကြော်လှော်ချက်ပြုတ်ပြီး စားသုံးနိုင်၏။
- ထူထဲပြီးအရည်ရွှမ်းသော ကင်ပိမ့်ရွက်တွင် ကစီဓာတ်မပါဝင်သော ပိုလီဆက်ခရိုက်နှင့် စေးကပ်ကျိချွဲသည့် mucilage တို့ကြွယ်ဝစွာပါဝင်ခြင်း၊ အရွက်နှင့်ကိုင်းနုလေးများတွင် သဘာဝအမျှင်ဓာတ်ပါဝင်ခြင်းတို့ကြောင့် အစာခြေစနစ်ကို ချောမွေ့စေခြင်း၊ မကောင်းသည့် ကိုလက်စထရောစုပ်ယူခြင်းကို လျှော့ကျစေခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်း ဆိုင်ရာ အခက်အခဲများကို တားဆီးပေးနိုင်စွမ်းရှိ၏။
- ကင်ပိမ့်ရွက်နှင့် အကိုင်းနုတို့တွင် ဗီတာမင်အေကြွယ်ဝစွာပါဝင်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်းရှိ အကျိအချွဲအလွှာနှင့် အရေပြားတို့ကို ကျန်းမာရေးစေသည့်အပြင် အမြင်အာရုံကို ပိုမိုကြည်လင်ကောင်းမွန်စေနိုင်၏။
- ဗီတာမင်စီကြွယ်ဝစွာပါဝင်သည့် ကင်ပိမ့်ရွက်ကို နေ့စဉ်စားသုံးပေးခြင်းဖြင့် ကိုယ်ခံစွမ်းအားကို မြင့်တက်စေနိုင်ခြင်း၊ ကူးစက်ရောဂါများကို ခံနိုင်ရည်စွမ်းရှိခြင်း၊ အရေပြားကို ကျန်းမာစေခြင်းနှင့် အရွယ်တင်နုပျိုစေခြင်း အစရှိသည့် အကျိုးကျေးဇူးကောင်းတို့ကို ရရှိနိုင်၏။
- လူသားတို့ကိုယ်ခန္ဓာအတွင်းရှိ ဆဲလ်များနှင့် ကိုယ်တွင်းအရည်များ ကျန်းမာရေးအတွက် အရေးပါသော ပိုတက်စီယမ် ဓာတ်သည် နှလုံးခုန်နှုန်းနှင့် သွေးပေါင်ချိန်တို့ကို ထိန်းညှိရာတွင် အထောက်အကူပြုနိုင်သည့်အတွက် ကင်ပိမ့်ရွက်ကို စားသုံးပေးသင့်၏။
- ကင်ပိမ့်ရွက်တွင် ဇင့်နှင့် မဂ္ဂနီစီ



ယမ်ဓာတ်တို့ ကြွယ်စွာပါဝင်သည့်အတွက် ညဘက်တွင် ကောင်းမွန်နှစ်ခြိုက်စွာ အိပ်စက်အနားယူစေနိုင်ခြင်း၊ ဆုံးရှုံးသွားသော ကိုယ်တွင်းစွမ်းအင်များကို စက္ကန့်ပိုင်းအတွင်း ပြန်လည်အားဖြည့်ပေး နိုင်ခြင်းကြောင့် ကိုယ်ရောစိတ်ပါ လန်းဆန်းစေနိုင်စွမ်းရှိ၏။
- ကင်ပိမ့်မြစ်သည် အရေပြားကို

စာ-၁၅ သို့



ပြေးမိုးထယ်

ကျောဖုံးမှ-

တက်သော ပေါင်းအမျိုးအစားများမှာ ဝမ်းဘဲစာမြက်၊ ဆင်ငိုမြက်၊ လိပ်ရင်ဘတ်၊ မြူ မြေစာမြက်၊ လက်သဲခွမြက်၊ ပင့်ကူထိပ်ပိတ်၊ ဟင်းနုနွယ် ဆူးပေါက်၊ လေးခွမြက်၊ မြက်သီး၊တောကြက်မောက်ကလေး၊ ကြက်မောက်ဖြူ၊ မြက်မုန်ညင်းဝါ၊ မြက်မုန်ညင်းဥနက်၊ ရှမ်းပြေး၊ ခွေးသေးပန်း တို့ဖြစ်ပါသည်။



ဆီထွက်သီးနှံများတွင် ပေါင်းဘက်စုံကာကွယ်နှိမ်နင်းရေးနည်းလမ်းများမှာ သီးနှံအလိုက် မျိုးရွေးချယ်ရာတွင် ယှဉ်ပြိုင်အားကောင်းသော အောင်မြင်သော မျိုးသန့် မျိုးစေ့များ အသုံးပြုခြင်း၊ ကောင်းစွာဆွေးမြေ့သော သဘာဝမြေဩဇာနှင့် လယ်ယာစွန့် ပစ္စည်းများ အသုံးပြု ခြင်း၊ပေါင်းမျိုး စေ့နှင့် ပင်ပိုင်းဆိုင်ရာအစိတ်အပိုင်းများမှ မျိုးပွား ခြင်းမရှိအောင် ဟန့်တားခြင်း၊လယ်ယာသုံးကိရိယာများမှမပြန့်ပွားစေရန်အတွက်တစ်ခင်းမှ တစ်ခင်းသို့ကူးရာတွင်သေချာစွာ သန့်ရှင်းခြင်း၊ မစိုက်ခင်ထွန်ယက်ပြီး မြေပေါ်တွင် အမြန်ကြီးသော ပဲမျိုးရင်း ဝင်ပင်များ (ဥပမာ - ညံပင်၊ ပိုက်ဆံလျှော်၊မြေနိမ့်ချယ်ရီ) စိုက်ပြီး ထယ်ထိုးထွန်မွှေခြင်း၊ ပေါင်းစေ့များ နေရာင်ခြည်မရရှိစေရန်နှင့်ကြီးထွားမှုအဟန့်အတားဖြစ်စေရန်အတွက် ကောက်ရိုး ပြုတ်များ၊ ပင်ကြွင်းများဖြင့်ဖုံးအုပ်ခြင်းနည်းစနစ်အသုံးပြုခြင်း၊သီးနှံအလိုက် စိုက်ပျိုးနည်းလမ်းများဖြင့် ကာကွယ်ခြင်း (သီးညှပ်စိုက်ခြင်း၊ ကြားထွန်ဝင်ခြင်း၊ အပင်သားခွဲခြင်း၊ အပင်မှုန်းခြင်း၊ ဘောင်တင်ခြင်း) လုပ်ငန်းများအား အတန်း မပိတ်ခင်အထိ ဆောင်ရွက်ခြင်း၊ သီးနှံ ပင်သက် တမ်း အစောပိုင်း (သီးနှံသက်တမ်း၏သုံးပုံတစ်ပုံ / အရေးကြီးသောပေါင်း ယှဉ်ပြိုင်ကာလ) အတွင်းတွင်ပေါင်းမြက်ရှင်းလင်းခြင်း၊ ပေါက်ရောက်သော ပေါင်းပင် အမျိုးအစား နှင့်သက်တမ်းပေါ်မူတည်၍သင့်တော်သော ပေါင်းသတ်ဆေးကို သေချာစွာ ရွေးချယ်၍ အညွှန်းစာအတိုင်း မှန်ကန်သော ဆေးနှုန်း ထားကို အသုံးပြု၍ နှိမ်နင်းခြင်း၊ ပြီးခဲ့သောရာသီက စိုက်ပျိုးသီးနှံတွင် အသုံးပြုသော ဆေးအညွှန်းစာတွင် သီးလှည့်စိုက်ရန် စောင့်ဆိုင်း ရမည့်ကာလပါရှိသည့် သီးနှံများကို စိုက်ပါကအညွှန်းအတိုင်း လိုက်နာခြင်း၊ မစိုက်ခင် မြေဖျန်းဆေးအသုံးပြုပါက မစိုက်ခင် ၂ ပတ်အလိုတွင် အသုံးပြုပြီးမှ စိုက်ပျိုးခြင်း၊ (မြေဖျန်းဆေးအတွက် အစိုဓာတ်ရှိရန် လိုအပ်ပြီး မရှိပါက အသုံးပြုပြီး ၁ ပတ်အတွင်း သွင်းရေ (သို့) မိုးရေ ရရန် ဆောင်ရွက်ရန်)။ အပင်မပေါက်မီသုံးသောဆေးအား မျိုးစေ့ချပြီး ဝ-၆ ရက်အတွင်း အသုံးပြုရန်နှင့် စိုက်ပြီး (သို့) မျိုးစေ့ချပြီး ၂၁ ရက်အကြာတွင် ထပ်မံပေါက် သောပေါင်း များအား ပေါင်းအမျိုးအစား အလိုက် သီးနှံအလိုက် ရွေးချယ် ပေါင်းသတ် ဆေးအသုံးပြုခြင်း၊ ရွက်ဖျန်းပေါင်းသတ်ဆေးအသုံးပြုရန် ထိရောက်သော အချိန်မှာ အပူချိန် ၁၅-၂၅ စင်တီဂရိတ် ရှိရန်၊ နံနက် ၈-၉ နာရီခန့်နှင့် ညနေ ၃-၄ နာရီအတွင်း အသုံးပြုရန်ဖြစ်သည်။ ဆေးဖျန်းပြီး မိုးလွတ်ရမည့်ကာလကိုလည်းအညွှန်းပါအတိုင်း လိုက်နာရန်ဖြစ်ပါသည်။

ဖျက်ပိုးများနှိမ်နင်းရာတွင်ကျရောက်မှုများ၍လိုအပ်မှသာခါတိုပိုးသတ်ဆေးများအသုံးပြုသင့်ပါသည်။ဖျက်ပိုးသတ်ဆေးတစ်မျိုးတည်းအား အသုံးပြုနှိမ်နင်းခြင်းသည်ပတ်ဝန်းကျင်တွင် ရှိသော မိတ်ဆွေပိုးများသေစေခြင်း၊သီးနှံများတွင်ဓာတ်ကြွင်းပါဝင်မှုမြင့်မားခြင်း၊ စားသုံးသူများတွင် ကျန်းမာရေးထိခိုက်မှုများဖြစ်ပေါ်စေခြင်းနှင့် ပိုးသတ်ဆေးပက်ဖျန်းသူများအားလုံးတို့တွင် အန္တရာယ် ဖြစ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ရေရှည်တည်တံ့ပြီးအထွက်နှုန်း ကောင်း၍ ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်သောဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် သီးနှံကာကွယ်ရေး ဌာနခွဲမှအကြံပြုထားသောဖျက်ပိုး (ပိုးမွှား၊ရောဂါ၊ပေါင်း) ဘက်စုံကာကွယ်နှိမ်နင်းနည်းများအား လိုက်နာဆောင်ရွက် သင့်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ရပါသည်။

**ဒေါက်တာခင်ခင်မာလာမြင့်နှင့်အဖွဲ့**

စာ-၁၄ မှ



စေ့ပြီး သွေးတိတ်စေနိုင်စွမ်းရှိ၏။

- ဝမ်းပျက်ဝမ်းလျှောဝေဒနာခံစားရပါက ကင်ပိမ့်မြစ်ကိုချက်ပြုတ်ပြီး စားသုံးရ၏။
- ကင်ပိမ့်အမြစ်ကိုတူးပြီး သန့်စင်အောင်ရေဖြင့်ဆေးကြောကာ ကြိတ်ပြီး ရရှိလာသည့်အနှစ်ကို အဆစ်အမြစ်များနှင့်ရောင်ရမ်းနာကျင်သည့်နေရာများတွင် လိမ်းကျံပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။
- မကြာခဏဝမ်းချုပ်တတ်သူများ ကင်ပိမ့်ရွက်နှင့် ကိုင်းနုလေးများကို ချက်ပြုတ်ပြီးစားသုံးသင့်၏။
- ဝမ်းကိုက်ဝေဒနာခံစားနေရပါက ကင်ပိမ့်ရွက်ကိုဖျော်ရည်ပြုလုပ်ကာ သောက်သုံးသင့်၏။
- ကင်ပိမ့်ရွက်ကို ဆီးရွှင်ဆေး၊ အဖျားကျစေဆေး၊ နာစေးချောင်းဆိုးပျောက်ဆေး၊ ဝမ်းပျော့ဆေး အဖြစ် အသုံးပြု ကြ၏။
- အပူလောင်ခြင်းနှင့် ဆက်စပ်အနာများအတွက်လည်း ကင်ပိမ့်ရွက်ကို ခူးဆွတ်ကာ ရေဖြင့်သန့်စင်အောင် ဆေးကြော ပေးပြီး အနှစ်ပြုလုပ်ကာ အနာပေါ်တွင်အုံပေးခြင်းဖြင့် အသုံးပြုနိုင်၏။
- ကင်ပိမ့်ပန်းကို အဆိပ်ဖြေဆေးအဖြစ် အသုံးပြုကြ၏။
- ကင်ပိမ့်သီးမှရရှိသောအရည်ကို မျက်မြေးရောင်နာနှင့်မျက်စိနာသည့်အခါ မျက်စဉ်းဆေးအဖြစ် အသုံးပြုနိုင်၏။

ကင်ပိမ့်ပင်သည် ငှက်ကလေးများ မှ တစ်ဆင့် အလွယ်တကူ အလေ့ကျပျံ့နှံ့ပေါက်ရောက်သော အပင်မျိုးဖြစ်သည့်အတွက် အလွယ်တကူ ဆွတ်ခူးရရှိနိုင်သကဲ့သို့ ဈေးထဲတွင်လည်း ဝယ်ယူရရှိနိုင်၏။

- ကင်ပိမ့်အညွန့်ရွက်နှင့် အကိုင်းနုလေးများကို ရေဆေးဖျောပြီးနောက် ခရမ်းချဉ်သီးပန်ထွေဖျော်၊ ပဲပုပ်ထောင်း၊ ပဲပုပ်ချက်၊ ခရမ်းချဉ်သီးငါးပိချက်၊ ငါးပိသုပ်၊ ငါးပိထောင်း သံပရာရည်ဆမ်း၊ ငါးပိရည်ကျိုဖျော် တို့ နှင့် တွဲဖက်ပြီး တို့စရာအဖြစ် စားသုံးကြ၏။
- ကင်ပိမ့်ရွက်ညွန့်များကို သန့်စင်အောင်ဆေးကြောပြီးနောက် ကြက်သွန်ဖြူဓားပြားရိုက် ဆီသတ်ပြီး ကြော်စား နိုင်၏။
- ကင်ပိမ့်ရွက်ညွန့်နုလေးများကို ရေဆေးဖျောပြီးနောက် ပါးပါးလှီးထားသော ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ ဆား၊ ငံပြာရည်၊ ဟင်းခပ်မှုန့် အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆံထောင်း၊ ကြက်သွန်နီဆီချက်၊ သံပရာရည်ညှစ်ပြီး သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်လှသည့် ကင်ပိမ့်ရွက်သုပ်လေးရပါပြီ။ သွေးအားနည်းသူများအတွက် နေ့စဉ်စားသုံးပေးသင့်သည့် ဟင်းတစ်မယ်ဖြစ်၏။
- ကင်ပိမ့်ရွက်ကို နှစ်သက်ရာ ငါး/ ပုစွန်တို့နှင့်လည်း ချဉ်ရည်ဟင်းချက်စားနိုင်၏။
- ကင်ပိမ့်ရွက်ကို အခြောက်လှန်းပြီး လက်ဘက်ခြောက်အဖြစ်လည်း နှပ်သောက်ကြ၏။
- ကင်ပိမ့်သီးမှရရှိသော ခရမ်းရောင်အရည်ကို အစားအစာနှင့် မုန့်များသကြားလုံးများ ပြုလုပ်ရာတွင် အရောင် ဆိုးဆေးအဖြစ်လည်းကောင်း၊ မှင်အဖြစ်လည်းကောင်း၊ အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ရောင်ခြယ်အနေဖြင့်လည်းကောင်း အသုံးပြုကြ၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ကင်ပိမ့်ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

**ကြေးမုံငယ်**



# ဆီထွက်သီးနှံပန်းတိုင်အထွက်ရရှိရေး ဖျက်ပိုးဘက်စုံကာကွယ်ပေး

ဒေါက်တာခင်ခင်မာလာမြင့်နှင့်အဖွဲ့

ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်း)များပန်းတိုင်အထွက်နှုန်းရရှိနိုင်ရန် ဖျက်ပိုးများ (ပိုးမွှား၊ ရောဂါ၊ ပေါင်း)ကာကွယ်နှိမ်နင်းခြင်းများအား စတင် မျိုးစေ့ချချိန်မှစ၍ ရိတ်သိမ်းချိန် တစ်လျှောက်လုံးအချိန်ကိုက်ဆောင်ရွက်သွားရန် အထူးလိုအပ်လှပါသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲအနေဖြင့်ရာသီအလိုက်ကျရောက်တတ်သောဖျက်ပိုးများအား သီးနှံစိုက်တောင်သူများသိရှိစေရန်နှင့်ကြိုတင်ကာကွယ် နှိမ်နင်းမှုများ အချိန်မီ ဆောင်ရွက် နိုင်ရန် ကြိုတင်သတိပေး ချက် (Early warning) များ အား တိုင်းဒေသကြီး/ပြည်နယ်များသို့ ထုတ်ပြန်ပေးပို့ခြင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ ဝက်ဆိုက် (website)တွင် ထုတ်ပြန်ကြေညာခြင်းများ အားအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ပြည်တွင်းစားသုံးဆီဖူလုံနိုင်ရန် ဆီထွက်သီးနှံ (မြေပဲ၊နှမ်း၊နေကြာ၊ဆီမုန်ညင်း၊ ပန်းနှမ်း) များ တိုးချဲ့စိုက်ပျိုးလျက်ရှိရာတွင်ပန်းတိုင်အထွက်နှုန်းရရှိရန် ဆီထွက်သီးနှံများတွင် ကျရောက်တတ်သော အင်းဆက် ပိုးမွှား၊ ရောဂါနှင့်ပေါင်း များအား နှိမ်နင်းနိုင်ရန် အောက် ဖော်ပြပါ ဘက်စုံ ကာကွယ် နှိမ်နင်း နည်း လမ်းများ အား လိုက်နာ ဆောင်ရွက် သင့်ပါသည်။

ဆီထွက်သီးနှံများတွင် အင်းဆက်ဖျက်ပိုးများ (မြေပဲရွက်ထွင်းပိုး၊ ရွက်စုံစားခူဝါ၊ ဖိုးလမင်းကျိုင်း၊ သီးလုံးဖောက်ပိုး၊ ငမြောင်တောင်)စသည့် လိပ်ပြာဖလံပိုး များကျ ရောက်တတ် သဖြင့်စိုက်ခင်းအားပေါင်းမြက်များအားရှင်းလင်း၍ ပင်ကြွင်း ပင်ကျန်များ အား မီးရှို့ခြင်း၊ မြေပြင်ချိန်တွင် ခိုအောင်းနေသော ရုပ်ဖုံးများ၊ လောက်ကောင်များအား နှိမ်နင်းရန် ထယ်ထိုး ထွန်မွှေခြင်းများအား သီးနှံစိုက်ပျိုး ချိန်မတိုင်မီ ဆောင်ရွက် ရမည်ဖြစ်ပါသည်။ အပင်ကြီး ထွား ချိန်တွင်ကျရောက်တတ်သောဖလံများအား ဖမ်းယူရန်တစ်ကေလျှင်မီးထောင်ချောက် တစ်ခု ထောင်ခြင်း၊ ထရိုင်ကိုဂရားမားနကျီ (Trichogramma) လွှတ်ပေး ခြင်းများ ဆောင်ရွက်ရပါမည်။ (သီးနှံ ကာကွယ်ရေး ဌာနခွဲတွင်မှာ ယူနိုင်ပါ သည်)

သီးနှံများပင်ပိုင်းကြီးထွားလာချိန်မှစ၍ရိတ်သိမ်းချိန်အထိစုပ်စားပိုးများ(ပျပိုး၊လှေးပိုး၊ ယင်ဖြူပိုး) များကျရောက်တတ်သဖြင့်သီးနှံမစိုက်မီမျိုးစေ့အားမျိုးစေ့လူး နယ်ဆေးဖြင့် လူးနယ် စိုက်ပျိုးခြင်း၊ လေဝင်လေထွက်ကောင်းစေရန် အပင်ကြဲကြဲစိုက်ခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုအားကင်းထောက်ခြင်း၊ နံနက် စောစော စိုက်ခင်း ပတ်ဝန်းကျင် လေတင်ဘက် မှ မီးခိုးမှိုင်းတိုက်ခြင်း၊ ခရမ်းချဉ်၊ ဆလပ်၊ ပြောင်း တို့ဖြင့် တွဲဖက်စိုက်ပျိုးခြင်း၊ ပိုးမွှား/ ရောဂါဒဏ်ခံနိုင်ရန် ပိုတက်ရှ် မြေဩဇာကို မဖြစ်မနေထည့်သွင်းခြင်း၊ အဝါရောင်(သို့)အပြာ ရောင် ပိုးဖမ်းထောင် ချောက်များဖြင့်ဖမ်းယူခြင်း တို့ ဆောင်ရွက်ရပါမည်။လိုအပ်ပါက ပိုးသတ်ဆေးကို အသုံးပြုပါ။ ပိုးသတ်ဆေးများကို တစ်မျိုးတည်း ဆက်တိုက်မသုံးပဲ အလှည့်ကျ အသုံးပြုရန်လိုအပ်ပါသည်။ စိုက်ခင်းပတ်ဝန်းကျင်တွင် ပင့်ကူများ၊ နှာတံရှည် နံကောင်များ၊ ပုရွက်ဆိတ်များ၊ ပုဇင်းများ၊ လိပ်ခုံးကျိုင်းများ၊ ဇာတောင်ပိုး များကဲ့သို့သော ဇီဝထိန်း ချုပ်ပိုးမွှားများကို ထိန်းသိမ်း နိုင်ရန်ပန်းအဖြူပန်းအဝါပွင့်သောအပင်များ(ဥပမာ-ရုံးပတီ၊ ပန်းနှမ်း၊ ပိုက်ဆံလျှော်) များ စိုက်ပျိုးပေးရမည်ဖြစ်ပါသည်။

ဆီထွက်သီးနှံများတွင်ကျရောက်သောရောဂါများအားဘက်စုံကာကွယ်နှိမ်နင်းနည်းများ မှာ သီးနှံရိတ်သိမ်းပြီးပါက ရောဂါရပင်ကြွင်း ပင်ကျန်များကို မီးရှို့ဖျက်ဆီးခြင်း၊ ထယ်ထိုး မြေလှန်ခြင်း၊ ရောဂါခံနိုင်ရည်ရှိသောမျိုးကိုအသုံးပြုစိုက်ပျိုးခြင်း၊ရောဂါကင်းသော စိုက်ခင်းမှ မျိုးစေ့ကိုရွေးချယ်စိုက်ပျိုးခြင်း၊မြေပြင်စဉ်တွင် မြေဆောင်မှိုရောဂါများ ကာကွယ်နှိမ်နင်းရန် ထရိုင်ကိုဒါးမား(Trichoderma)မှိုသတ်ဆေးကို ထည့်သွင်းခြင်း၊ မစိုက်ပျိုးမီမျိုးစေ့များကို မျိုးစေ့လူးနယ်မှိုသတ်ဆေး တစ်မျိုးမျိုးဖြင့် လူးနယ်ခြင်းများဦးစွာဆောင်ရွက်ရပါမည်။ သီးနှံစိုက်ပျိုးချိန်တွင်အပင်စိပ်စိပ်စိုက်ခြင်းအားရှောင်ကျဉ်ခြင်း၊ စိုက်ခင်းအတွင်းရေမဝပ်စေရန် ရေထုတ်မြောင်းများထားရှိခြင်း၊ ကောင်းစွာဆွေးမြေ့သော သဘာဝမြေဩဇာများကို အသုံးပြုခြင်း၊ နိုက်ထရိုဂျင်ဓါတ်မြေဩဇာတစ်ခုထဲကို အသုံးမပြုဘဲ သီးနှံပင်အတွက် လိုအပ် သောအဟာရဓာတ်ပြည့်စုံအောင်၊ ထည့်သွင်းရန်ထောက်ခံထားသည့်ပမာဏ ပြည့်မီ အောင် ထည့် သွင်းခြင်း၊ ရောဂါဒဏ်ခံနိုင်ရန် ပိုတက်ရှ်မြေဩဇာကို မဖြစ်မနေ ထည့်သွင်းအသုံးပြုခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း၊ ရောဂါကျရောက်မှုရှိ/မရှိ ပုံမှန်ကင်းထောက်ခြင်းများ အားအချိန်ကိုက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဗိုင်းရပ်စ်နှင့် မိုက်ကိုပလပ်စ်မာ ရောဂါလက္ခဏာပြနေသော အပင်များကို နုတ်ယူဖျက် ဆီး မီးရှို့ပါ။ ၎င်းရောဂါများသည် အပင်ငယ်စဉ် စုပ်စားပိုးများ ကြောင့်ကူးစက်မှု ဖြစ်ခြင်းကြောင့် အပင်ငယ်စဉ်တွင် စုပ်စားပိုးများကျရောက်မှုမရှိအောင် ဆောင်ရွက်ပါ။ ကာကွယ်နှိမ်နင်း ရန်လိုအပ်ပါက ရောဂါသတ်ဆေးကို အသုံးပြုပါ။ ရောဂါ သတ်ဆေးများကို တစ်မျိုးတည်းဆက်တိုက်မသုံးပဲ အလှည့်ကျ အသုံးပြုရန်လိုအပ်ပါသည်။

ဆီထွက်သီးနှံများသည် သီးနှံပင်သက်တမ်း အစောပိုင်း ကြီးထွားမှုနှေးသော သီးနှံပင်များ ဖြစ်သောကြောင့် ပေါင်းကြောင့်အထွက်နှုန်းဆုံးရှုံးမှုမှာ (၁၅ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်း) အထိရှိပါသည်။ ပေါင်းပုံမှန် မနှိမ်နင်းနိုင်လျှင် အထွက်နှုန်းဆုံးရှုံးနိုင်သည့်အပြင် ပေါင်းပင်များ၏ အာဟာရ လုယူစားသုံးမှုကြောင့် ဆီထွက်သီးနှံများ၏ဆီပါဝင်မှုကိုပါ ကျဆင်းစေပါသည်။ ဆီထွက် သီးနှံများတွင် ပေါက်ရောက်

စာ-၁၅ သို့







